**သမဝါယမကဏ္ဍ**

**သမဝါယမအသင်းများဖွဲ့စည်းပေးရာတွင်လိုက်နာရမည့်နည်းလမ်းများ**

- အသင်းသားများ၏ ဆန္ဒနှင့်အညီ အသင်းလုပ်ငန်းဆောင်ရွက်မည့် အခြေအနေနှင့် ကိုက်ညီသည့်အစုတစ်စုတန်ဖိုးကိုသတ်မှတ်ပြီး သတ်မှတ်သည့်အစုကိုထည့်ဝင်စေခြင်း၊
- စိတ်တူကိုယ်တူအသင်းသားအချင်းချင်းအနည်းဆုံး(၅)ဦးမှ (၁၀)ဦးအထိပါဝင်သောဝိုင်းကြီးချုပ်အဖွဲ့များဖွဲ့စည်းပေးခြင်း၊
- အသင်းသားများ၏ဆန္ဒနှင့်အညီ အသင်းစည်းကမ်းရေးဆွဲခြင်း၊ (သမဝါယမအသင်းနည်းဥပဒေပါ ပြဋ္ဌာန်းချက်များဖြင့် ကိုက်ညီစွာ ရေးဆွဲရပါမည်)
- အသင်းအမှုဆောင်အဖွဲ့ ရွေးချယ်ရာတွင်လည်း အသင်းသားများ၏ ဆန္ဒနှင့်အညီ ဒီမိုကရေစီ နည်းလမ်းဖြင့် ရွေးချယ်စေခြင်း၊
- မှတ်ပုံတင်ရန် လျှောက်ထားလာသော သမဝါယမအသင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ သမဝါယမဦးစီးဌာနအဆင့်ဆင့်သည် လိုအပ်သည်များကို စစ်ဆေး၍ သတ်မှတ်ချက်များနှင့် ကိုက်ညီလျှင် စိစစ် ထောက်ခံချက်များဖြင့် ဦးစီးဌာနအဆင့်ဆင့်သို့ ဆက်လက်တင်ပြရမည်၊
- ဦးစီးဌာနသည် ယင်းသမဝါယမအသင်းကို စိစစ်၍ မှတ်ပုံတင်ပေးရမည်၊
- ဤကဲ့သို့ မှတ်ပုံတင်သည့်အခါ သက်ဆိုင်ရာသမဝါယမအသင်းသို့ အသင်းမှတ်ပုံတင်အမှတ်၊ အသင်းမှတ်ပုံတင်တံဆိပ်၊ အသင်းမှတ်ပုံတင်အမည်၊ အသင်းစည်းကမ်းနှင့် အခြားစာရွက် စာတမ်းတစ်စုံစီကို ပေးပို့ရမည်၊

**သမဝါယမအသင်းအဆင့်ဆင့်ဖွဲ့စည်းမှု**

**(၃၁-၁-၂၀၂၀)**

| စဉ် | အသင်းအမျိုးအစား | အသင်း ဦးရေ | အသင်းဝင် ဦးရေ | အသင်းသား ဦးရေ | အစုငွေ (ကျပ်သန်း) |
|---|---|---|---|---|---|
| ၁ | ဗဟိုသမဝါယမအသင်း | ၁ | ၄၆၂ | | ၁၂၁၅.၃၅၀ |
| ၂ | သမဝါယမအသင်းစုချုပ် | ၂၂ | ၅၁၅ | | ၁၅၅၅.၃၁၇ |
| ၃ | သမဝါယမအသင်းစု | ၄၅၄ | ၂၀၂၇၀ | | ၃၁၁၆.၆၉၇၅ |
| ၄ | အခြေခံသမဝါယမအသင်း | ၃၉၄၃၃ | | ၄၂၂၆၉၂၃ | ၆၁၀၄၈.၁၈၃၈၂၄ |
| | **ပေါင်း** | ၃၉၉၁၀ | **၂၁၂၄၇** | **၄၂၂၆၉၂၃** | ၆၆၉၃၅.၅၄၈၃၂၄ |

## ကဏ္ဍအလိုက်သမဝါယမအသင်းအဆင့်ဆင့်ဖွဲ့စည်းမှု

(၃၁.၁.၂၀၂၀)

| စဉ် | ကဏ္ဍ | အရေအတွက် | မှတ်ချက် |
|---|---|---|---|
| ၁ | ထုတ်လုပ်မှု | ၃၂၇၄၈ | |
| ၂ | ဝန်ဆောင်မှု | ၄၀၂၇ | |
| ၃ | ကုန်သွယ်မှု | ၃၁၃၅ | |
| | **ပေါင်း** | **၃၉၉၁၀** | |

## တိုင်းဒေသကြီး/ပြည်နယ်အလိုက်အသင်းဖွဲ့စည်းမှု

(၃၁.၁.၂၀၂၀)

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ဗဟိုသမ အသင်း | အသင်း စုချုပ် | အသင်းစု | အခြေခံ အသင်း | စုစုပေါင်း |
|---|---|---|---|---|---|---|
| ၁ | ကချင် | | ၁ | ၁၂ | ၇၂၉ | ၇၄၂ |
| ၂ | ကယား | | ၁ | ၇ | ၂၇၀ | ၂၇၈ |
| ၃ | ကရင် | | ၁ | ၁၄ | ၅၄၈ | ၅၆၃ |
| ၄ | ချင်း | | ၁ | ၁၄ | ၅၉၆ | ၆၁၁ |
| ၅ | စစ်ကိုင်း | | ၁ | ၄၉ | ၅၃၆၄ | ၅၄၁၄ |
| ၆ | တနင်္သာရီ | | ၁ | ၁၄ | ၄၉၃ | ၅၀၈ |
| ၇ | ပဲခူး | | ၁ | ၃၉ | ၆၇၄၉ | ၆၇၈၉ |
| ၈ | မကွေး | | ၁ | ၃၇ | ၅၄၃၃ | ၅၄၇၁ |
| ၉ | မန္တလေး | | ၁ | ၄၀ | ၄၇၇၈ | ၄၈၁၉ |
| ၁၀ | မွန် | | ၁ | ၁၀ | ၈၆၅ | ၈၇၆ |
| ၁၁ | ရခိုင် | | ၁ | ၂၁ | ၁၂၉၀ | ၁၃၁၂ |
| ၁၂ | ရန်ကုန် | ၁ | ၇ | ၇၄ | ၂၅၄၄ | ၂၆၂၆ |
| ၁၃ | ရှမ်း | | ၂ | ၄၀ | ၂၁၄၉ | ၂၁၉၁ |
| ၁၄ | ဧရာဝတီ | | ၁ | ၆၇ | ၆၉၇၄ | ၇၀၄၂ |
| ၁၅ | နေပြည်တော် | | ၁ | ၁၆ | ၆၅၁ | ၆၆၈ |
| | **စုစုပေါင်း** | **၁** | **၂၂** | **၄၅၄** | **၃၉၄၃၃** | **၃၉၉၁၀** |

# China EXIM Bank ချေးငွေအမေရိကန်ဒေါ်လာသန်း(၄၀၀)ကိုတိုင်းဒေသကြီး/ပြည်နယ်များရှိ သမဝါယမအသင်းများသို့ထုတ်ချေးပေးမှုအခြေအနေ

| စဉ် | အကြောင်းအရာ | အသင်း | အသင်းသား | အစု (ကျပ်သန်း) | စုဆောင်း (ကျပ်သန်း) | ပုံပိုးချေးငွေ (ကျပ်သန်း) | ထုတ်ချေးငွေ (ကျပ်သန်း) | ပြန်လည်ပေးဆပ်မှု အခြေအနေ |
|---|---|---|---|---|---|---|---|---|
| ၁ | သတ္တမအကြိမ်အမေရိကန်ဒေါ်လာသန်း(၄၀၀) (၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလမှဖွန်လကုန်ထိ) | ၃၁၃၆၄ | ၂၆၄၁၃၅၀ | ၁၃၃၂၂.၉၂၂ | ၁၅၈၅၂၆.၀၀၆ | ၃၄၄၁၀၅.၃၄၉ | ၅၁၅၉၅၄.၂၇၇ | ၂၀၁၇ ခုနှစ်၊ဇွန်လကုန်တွင် ပြန်လည်ပေးဆပ်ပြီးဖြစ်ပါသည်။ |
| ၂ | အဋ္ဌမအကြိမ် အမေရိကန်ဒေါ်လာသန်း(၄၀၀) (၂၀၁၇ ခုနှစ်၊ ဇူလိုင်လမှ ဒီဇင်ဘာလကုန်ထိ) | ၃၁၀၁၉ | ၂၆၂၃၄၉၁ | ၁၃၂၀၀.၄၈၆ | ၂၀၅၃၇၂.၂၅၁ | ၃၁၀၉၅၃.၅၁၉ | ၅၂၉၅၂၆.၂၅၆ | ၂၀၁၇ ခုနှစ်၊ဒီဇင်ဘာလကုန်တွင်ပြန်လည်ပေးဆပ်ပြီးဖြစ်ပါသည်။ |
| ၃ | နဝမအကြိမ် အမေရိကန်ဒေါ်လာသန်း(၄၀၀) (၂၀၁၈ ခုနှစ်၊ ဇန်နဝါရီမှဖွန်လကုန်ထိ) | ၃၀၇၂၄ | ၂၅၃၉၈၆၄ | ၁၂၇၇၅.၁၁၆ | ၂၃၀၃၀၁.၇၃၇ | ၂၉၁၁၁၇.၁၀၆ | ၅၃၆၀၅၆.၉၅၈ | ၂၀၁၈ ခုနှစ်၊ဇွန်လကုန်တွင် ပြန်လည်ပေးဆပ်ပြီး ဖြစ်ပါသည်။ |
| ၄ | (၁၀)ကြိမ်မြောက်မေရိကန်ဒေ ါ်လာ သန်း(၄၀၀) (၂၀၁၈ ခုနှစ်၊ ဇူလိုင်မှ ဒီဇင်ဘာလကုန်ထိ) | ၃၀၅၆၇ | ၂၄၇၃၁၀၃ | ၁၂၄၄၃.၃၇၈ | ၂၅၄၅၃၅.၃၃၅ | ၂၇၃၃၄၀.၆၃၁ | ၅၄၂၀၃၉.၄၀၂ | ၂၀၁၈ ခုနှစ်၊ဒီဇင်ဘာလကုန်တွင် ပြန်လည်ပေးဆပ်ပြီး ဖြစ်ပါသည်။ |
| ၅ | (၁၁)ကြိမ်မြောက် အမေရိကန်ဒေါ်လာသန်း(၄၀၀) (၂၀၁၉ ခုနှစ်၊ ဇန်နဝါရီမှ ဇွန်လကုန်ထိ) | ၂၉၂၉၈ | ၂၂၂၉၅၉၉ | ၁၁၂၆၈.၇၂ | ၂၄၉၆၆၃.၁၁၇ | ၂၃၈၈၈၄.၆၃၁ | ၄၉၉၈၁၈.၉၃၀ | ၂၀၁၉ ခုနှစ်၊ဇွန်လကုန်တွင် ပြန်လည်ပေးဆပ်ပြီး ဖြစ်ပါသည်။ |
| ၆ | (၁၂)ကြိမ်မြောက် အမေရိကန်ဒေါ်လာသန်း(၄၀၀) | ၂၇၈၁၄ | ၁၉၇၈၉၂၁ | ၁၀၀၀၇.၅၄၃ | ၂၃၂၃၄၆.၂၇၁ | ၂၀၉၈၈၅.၆၄၃ | ၄၅၂၂၃၈.၅၃၆ | ၂၀၁၉ ခုနှစ်၊ဒီဇင်ဘာလကုန်တွင် |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | (၂၀၁၉ ခုနှစ်၊ ဇူလိုင်လမှ ဒီဇင်ဘာလကုန်ထိ) | | | | | | | ပြန်လည်ပေး ဆပ်နေဆဲ ဖြစ်ပါသည်။ |
| ၇ | (၁၃)ကြိမ်မြောက်အမေရိကန်ဒေါ်လာ သန်း(၄၀၀) (၂၀၂၀ ခုနှစ်၊ဇန်နဝါရီလမှ ဒီဇင်ဘာကုန်ထိ) | ၂၆၃၅၂ | ၁၈၃၀၄၇၇ | ၉၂၁၆.၁၆၉ | ၂၂၃၂၀.၅၅၅ | ၁၈၄၈၀၉.၄၅၆ | ၄၁၇၃၅၅.၀၇၂ | ၂၀၂၀ ခုနှစ်၊ဒီဇင်ဘာလကုန်တွင်ပြန်လည်ပေး ဆပ်ရမည် ဖြစ်ပါသည်။ |

## China EXIM Bank

## မှရသောချေးငွေ၊သမဝါယမအသင်းပိုင်နှင့်အသင်းသားများ၏အစု၊စုဆောင်းငွေများဖြင့် ၂၀၂၀ပြည့်နှစ်၊ဇန်နဝါရီလထိအသေးစားအရင်းအနှီးချေးငွေထုတ်ချေးထားမှုအခြေအနေ

ကျပ်သန်း

| စဉ် | အသင်းအမျိုးအစား | မြို့နယ် | အသင်း | အသင်းသား | အစုငွေ | စုဆောင်းငွေ | ထုတ်ချေးငွေ | ပြန်ဆပ်ငွေ | ချေးငွေကျန်ပမာဏ |
|---|---|---|---|---|---|---|---|---|---|
| ၁ | ဌာနဆိုင်ရာသ/မအသင်း | ၃၀၂ | ၁၁၆၂ | ၃၃၇၉၃၅ | ၃၇၁၉.၃၅၆ | ၈၄၆၇၆.၈၅၉ | ၁၀၃၉၂၈.၃၁၀ | ၁၇၄၂၂.၄၂၁ | ၈၆၅၀၅.၈၈၉ |
| ၂ | ဈေးသမဝါယမအသင်း | ၂၃၄ | ၃၁၇ | ၃၉၄၄၄ | ၉၁၉.၈၃၀ | ၁၃၉၃၀.၈၀၀ | ၂၃၅၃၇.၅၂၄ | ၄၂၁၂.၅၈၃ | ၁၉၃၂၄.၉၄၁ |
| ၃ | အသေးစားချေးငွေလုပ်ငန်း သမဝါယမအသင်း | ၁၉၇ | ၁၃၀၀ | ၁၂၆၉၉၇ | ၁၅၅၁.၀၉၅ | ၁၇၈၃၈.၃၁၈ | ၂၈၈၅၂.၁၆၃ | ၃၆၄၅.၆၁၁ | ၂၅၂၀၆.၅၅၂ |
| ၄ | စိုက်ထုတ်သ/မအသင်း | ၂၆၃ | ၂၃၃၂၄ | ၁၅၉၁၁၆၉ | ၈၁၆၈.၁၁၄ | ၂၀၁၇၇၉.၁၅၈ | ၃၇၀၅၄၃.၃၆၅ | ၃,၃၅၅.၀၀၄ | ၃၆၇၁၈၈.၃၆၁ |
| ၅ | မွေးမြူရေးချေးငွေ သမဝါယမအသင်း | ၁၉၆ | ၃၄၅၀ | ၂၇၅၀၄၁ | ၁၃၉၄.၂၁၃ | ၂၃၇၃၉.၁၁၆ | ၄၄၀၈၇.၅၄၃ | ၁၁၁၂၆.၆၅၅ | ၃၂၉၆၀.၈၈၈ |
| ၆ | စက်မှုလက်မှုသ/မအသင်း | ၈၈ | ၃၀၂ | ၂၀၂၄၁ | ၁၂၄.၄၈၂ | ၁၅၀၈.၀၇၉ | ၄၇၆၆.၇၆၉ | ၃၁၂.၈၃၀ | ၄၄၅၃.၉၃၉ |
| ၇ | ရောင်းဝယ်ရေးသ/မအသင်း | ၁၁၀ | ၃၄၅ | ၈၅၉၈၅ | ၂၂၂၃.၆၄၀ | ၅၂၈၇.၄၅၇ | ၁၃၈၄၅.၈၅၆ | ၂၂၃၇.၇၉၁ | ၁၁၆၀၈.၀၆၅ |
| | **စုစုပေါင်း** | **၃၀၇** | ၃၀၂၀၀ | ၂၄၇၆၈၁၂ | **၁၈၁၀၀.၇၃၀** | **၃၄၈၇၅၉.၇၈၇** | **၅၈၉၅၆၁.၅၁၀** | **၄၂၃၁၂.၈၉၅** | **၅၄၇၂၄၈.၆၃၅** |

## ဌာနဆိုင်ရာငွေစုငွေချေးသမဝါယမအသင်းများ၏အသေးစားအရင်းအနှီးချေးငွေ (Micro Capital Loan) လုပ်ငန်း၂၀၂၀ပြည့်နှစ်၊ဇန်နဝါရီလထိချေးငွေထုတ်ချေးထားမှုအခြေအနေ

ကျပ်သန်း

| စဉ် | တိုင်းဒေသကြီး / ပြည်နယ် | မြို့နယ် | အသင်း | အသင်းသား | အစုငွေ | စုဆောင်းငွေ | ထုတ်ချေးငွေ | ပြန်ဆပ်ငွေ | ချေးငွေကျန်ပမာဏ |
|---|---|---|---|---|---|---|---|---|---|
| ၁ | နေပြည်တော်ကောင်စီ | ၆ | ၄၃ | ၁၃၃၇၉ | ၁၈၉.၃၁၂ | ၅၂၅၈.၉၉၅ | ၅၄၅၅.၇၃၇ | ၇၁၉.၇၈၄ | ၄၇၃၅.၉၅၃ |
| ၂ | ကချင် | ၁၁ | ၃၅ | ၁၁၀၃၃ | ၂၅၉.၇၇၆ | ၂၄၁၂.၉၃၂ | ၂၃၄၂.၁၆၂ | ၃၆၄.၆၄၂ | ၁၉၇၇.၅၂၀ |
| ၃ | ကယား | ၆ | ၃၈ | ၈၈၀၇ | ၇၇.၅၆၄ | ၃၄၁၄.၈၁၆ | ၃၆၂၀.၈၇၂ | ၅၁၇.၀၆၄ | ၃၁၀၃.၈၀၈ |
| ၄ | ကရင် | ၇ | ၂၇ | ၇၅၂၆ | ၄၁.၇၁၅ | ၉၄၄.၈၅၉ | ၈၄၉.၄၃၆ | ၃၄၆.၆၈၅ | ၅၀၂.၇၅၁ |
| ၅ | ချင်း | ၉ | ၂၂ | ၈၈၇၇ | ၁၂၆.၇၇၇ | ၁၈၂၂.၈၈၈ | ၂၇၄၆.၄၄၀ | ၄၂၅.၇၉၆ | ၂၃၂၀.၆၄၄ |

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ၆ | စစ်ကိုင်း | ၃၄ | ၇၃ | ၂၈၀၈၄ | ၄၆၇.၀၇၀ | ၈၄၆၈.၃၂၀ | ၁၀၆၈၃.၁၉၀ | ၁၅၈၅.၂၈၀ | ၉၀၉၇.၉၁၀ |
| ၇ | တနင်္သာရီ | ၁၀ | ၁၇ | ၉၂၄၂ | ၈၂.၂၃၂ | ၃၈၅၈.၈၄၅ | ၅၃၇၉.၄၁၂ | ၆၆၃.၂၂၅ | ၄၇၁၆.၁၈၇ |
| ၈ | ပဲခူး | ၂၈ | ၁၂၉ | ၂၈၈၃၃ | ၂၉၄.၅၈၉ | ၅၅၃၆.၉၅၀ | ၇၅၃၄.၃၂၉ | ၉၄၃.၃၁၃ | ၆၅၉၁.၀၁၆ |
| ၉ | မကွေး | ၂၅ | ၈၆ | ၂၁၇၁၇ | ၂၇၆.၆၇၀ | ၆၀၉၆.၁၈၀ | ၆၈၇၃.၉၈၀ | ၉၇၀.၉၁၀ | ၅၉၀၃.၀၇၀ |
| ၁၀ | မန္တလေး | ၂၇ | ၁၄၃ | ၃၆၀၈၂ | ၃၁၁.၂၆၆ | ၆၈၀၂.၂၅၅ | ၁၀၀၆၄.၃၆၅ | ၁၆၃၇.၆၅၃ | ၈၄၂၆.၇၁၂ |
| ၁၁ | မွန် | ၁၀ | ၄၄ | ၁၄၇၁၈ | ၁၉၈.၈၅၆ | ၆၃၉၆.၆၉၀ | ၉၁၂၈.၉၂၁ | ၁၄၁၄.၁၉၅ | ၇၇၁၄.၇၂၆ |
| ၁၂ | ရခိုင် | ၁၇ | ၅၂ | ၁၉၂၉၈ | ၃၆၈.၀၆၉ | ၁၉၇၁.၈၈၀ | ၁၈၆၁.၈၂၇ | ၁၂၆၄.၅၅၇ | ၅၉၇.၂၇၀ |
| ၁၃ | ရန်ကုန် | ၄၃ | ၂၅၁ | ၄၈၄၈၈ | ၂၄၀.၃၀၅ | ၃၈၁၃.၉၄၅ | ၄၈၀၇.၈၃၉ | ၁၂၄၅.၅၁၈ | ၃၅၆၂.၃၂၁ |
| ၁၄ | ရှမ်း | ၄၃ | ၈၉ | ၄၂၅၀၄ | ၅၁၁.၀၉၁ | ၁၉၆၉၂.၀၂၃ | ၂၀၄၈၃.၅၄၈ | ၂၆၈၀.၀၉၅ | ၁၇၈၀၃.၄၅၃ |
| ၁၅ | ဧရာဝတီ | ၂၆ | ၁၁၃ | ၃၉၃၄၇ | ၂၇၄.၀၆၄ | ၈၁၈၅.၂၈၁ | ၁၂၀၉၆.၂၅၂ | ၂၆၄၃.၇၀၄ | ၉၄၅၂.၅၄၈ |
| | | **၃၀၂** | **၁၁၆၂** | **၃၃၇၉၃၅** | **၃၇၁၉.၃၅၆** | **၈၄၆၇၆.၈၅၉** | **၁၀၃၉၂၈.၃၁၀** | **၁၇၄၂၂.၄၂၁** | **၈၆၅၀၅.၈၈၉** |

## ၂၀၁၉ -၂၀၂၀ခုနှစ်၊စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းများ၏ လယ်ယာမြေအဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးမှုအခြေအနေ ( ၃၁-၁-၂၀၂၀)

**(ကျပ်သန်း)**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ် | အသင်း | အသင်းသားဦးရေ | မြေယာပြုပြင်သည့် (ဧက) | ထုတ်ချေးငွေ |
|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | နေပြည်တော် | | | | | |
| ၂ | ကချင် | ၂ | ၂ | ၂၀ | ၁၅၀.၀၀၀ | **၄၅.၀၀၀** |
| ၃ | ကယား | | | | | |
| ၄ | ကရင် | | | | | |
| ၅ | ချင်း | | | | | |
| ၆ | စစ်ကိုင်း | | | | | |
| ၇ | တနင်္သာရီ | | | | | |
| ၈ | ပဲခူး | | | | | |
| ၉ | မကွေး | | | | | |
| ၁၀ | မန္တလေး | | | | | |
| ၁၁ | မွန် | | | | | |
| ၁၂ | ရခိုင် | | | | | |
| ၁၃ | ရန်ကုန် | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၁၄ | ရှမ်း | | | | | |
| ၁၅ | ဧရာဝတီ | | | | | |
| စုစုပေါင်း | | ၂ | ၂ | ၂၀ | ၁၅၀.၀၀၀ | ၄၅.၀၀၀ |

## သမဝါယမအသင်းများအားHire Purchase စနစ်ဖြင့်စက်ကိရိယာများ ပံ့ပိုးရောင်းချပေးမှုအခြေအနေ

(ကျပ်သန်း)

| စဉ် | ခုနှစ် | လယ်ယာသုံးစက်ကိရိယာ | | လုပ်ငန်းသုံးစက်ကိရိယာ | | ရေလုပ်ငန်းသုံးစက်ကိရိယာ | |
|---|---|---|---|---|---|---|---|
| | | အရေအတွက် | တန်ဖိုး | အရေအတွက် | တန်ဖိုး | အရေအတွက် | တန်ဖိုး |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | ၂၀၁၇-၂၀၁၈ | ၂၈၄၇ | ၁၄၈၂၂.၀၈၈ | ၃၄၂ | ၉၇၃.၂၃၅ | ၆၇၅ | ၁၇၆၂.၂၀၈ |
| ၂ | (၁-၄-၂၀၁၈ မှ ၃၀-၉-၂၀၁၉) | ၂၆၃ | ၂၁၄၉.၇၉၁ | | | ၁၇၇ | ၁၆၆၅.၁၀၅ |
| ၃ | (၁.၁၀.၂၀၁၉ မှ ၃၁.၁.၂၀၂၀)ထိ | - | - | - | - | - | - |

## ကိုရီးယားနိုင်ငံထုတ်ဒေဒေါင်းလယ်ယာသုံးစက်ကိရိယာများHire Purchase စနစ်ဖြင့် ပံ့ပိုးဆောင်ရွက်မှု

ကျပ်သန်း

| စဉ် | ခုနှစ် | ဒေဒေါင်းလယ်ယာသုံးစက်ကိရိယာများ | |
|---|---|---|---|
| | | စီးရေ | တန်ဖိုး |
| ၁ | ၂ | ၃ | ၄ |
| ၁ | ၂၀၁၇-၂၀၁၈ | ၅၅၆ | ၁၉၄၁၄.၃၄၈ |
| ၂ | (၁-၄-၂၀၁၈မှ၃၀-၉-၂၀၁၉)ထိ | ၁၀၅ | ၄၁၇၂.၉၅၉ |
| ၃ | (၁.၁၀.၂၀၁၉ မှ၃၁.၁.၂၀၂၀)ထိ | ၂ | ၆၂.၄၉၅ |

## ဓါတ်မြေဩဇာ၊မျိုး၊ပိုးသတ်ဆေးသွင်းအားစုများအားပံ့ပိုးရောင်းချပေးမှုအခြေအနေ

(ကျပ်သန်း)

| စဉ် | ခုနှစ် | ဓါတ်မြေဩဇာ | | မျိုး (အိတ်) | | ပိုးသတ်ဆေး | |
|---|---|---|---|---|---|---|---|
| | | အိတ် | တန်ဖိုး | အရေအတွက် | တန်ဖိုး | အရေအတွက် | တန်ဖိုး |

| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
|---|---|---|---|---|---|---|---|
| ၁ | ၂၀၁၈-၂၀၁၉ | ၂၉၇၂၁၂ | ၈၃၇၅.၆၃၂ | ၂၂၂၅ | ၂၁၅.၃၇၁ | ၅၁၁၃၇ အိတ် ၂၀၄၅ လီတာ ၂၄၃၇၅၄ ပုလင်း | ၁၉၀၀.၅၅၄ |
| ၂ | (၁.၁၀.၂၀၁၈မှ ၃၁.၁.၂၀၂၀ အထိ) | ၈၆၇၆၂ | ၂၄၄၈.၁၂၃ | ၁၈၅ | ၅.၇၉၈ | ၁၂၉၃၆-အိတ် ၄၆၀ -လီတာ ၁၉၀၄၁ - ပုလင်း | ၇၇၃.၆၇၀ |

**လယ်ယာအထောက်အကူပြုဝန်ဆောင်မှုသမဝါယမအသင်းများဖွဲ့စည်းပြီးလယ်ယာအထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်ခြင်း**

ကျေးလက်ဒေသများရှိတောင်သူလယ်သမားများ၏လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးစိုက်ပျိုးရေးလုပ်ငန်းများအဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ရေး၊လက်မှုလယ်ယာစနစ်မှစက်မှုလယ်ယာစနစ်သို့ကူးပြောင်းနိုင်ရေးအတွက်လယ်ယာအထောက်အကူပြုဝန်ဆောင်မှုသမဝါယမအသင်းများကိုဖွဲ့စည်းပြီးလယ်ယာမြေထယ်ထိုးထွန်ယက်ပြုပြင်ခြင်း၊စပါးရိတ်သိမ်းခြွေလှေ့ခြင်း၊သယ်ယူပို့ဆောင်ခြင်းနှင့်စပါးသိုလှောင်ပေးခြင်းတို့ကိုဆောင်ရွက်လျက်ရှိရာယနေ့အထိတိုင်းဒေသကြီး/ ပြည်နယ် (၁၃)ခုတွင်လယ်ယာအထောက်အကူပြုဝန်ဆောင်မှုသမဝါယမအသင်း (၁၃၆)သင်းမှထွန်စက်စီးရေ(၇၃၉)စီး၊ရိတ်သိမ်းခြွေလှေ့စက် (၉၇)စီး၊စုစုပေါင်းစက်ပစ္စည်းစီးရေ (၈၃၆)စီးတို့ဖြင့်လယ်ယာအထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းများကိုလုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

တိုင်းဒေသကြီး/ ပြည်နယ်များရှိသမဝါယမအသင်းစုများ၊အခြေခံသမဝါယမအသင်းများမှကူဘိုတာရိတ်သိမ်းခြွေလှေ့စက်များဝယ်ယူပြီးလယ်ယာအထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းများပိုမိုလုပ်ကိုင်ဆောင်နိုင်ရန်အတွက်တိုင်းဒေသကြီး/ ပြည်နယ် (၁၂)ခုရှိသမဝါယမအသင်းစုနှင့်အခြေခံသမဝါယမအသင်း (၄၂)သင်းတို့မှကူဘိုတာရိတ်သိမ်းခြွေလှေ့စက်စုစုပေါင်း (၇၀)စီး၊တန်ဖိုးကျပ်(၂၆၆၁.၃၄)သန်းကိုဝယ်ယူ၍လယ်ယာအထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းများကိုတိုးချဲ့ဆောင်ရွက်လျက်ရှိပါသည်။

**မျိုးစေ့ထုတ်လုပ်ရေးသမဝါယမအသင်းများဖွဲ့စည်းဆောင်ရွက်ထားရှိမှုအခြေအနေ**

ပြည်ထောင်စုဝန်ကြီး၏လမ်းညွှန်ချက်အရမျိုးကောင်းမျိုးသန့်များထုတ်လုပ်ခြင်း၊တောင်သူလယ်သမားများအားဖြန့်ဖြူးရောင်းချခြင်းတို့ကိုသမဝါယမနည်းစနစ်များဖြင့်ဆောင်ရွက်နိုင်ရန်နှင့်တောင်သူများစိုက်ပျိုးရေးသွင်းအားစုလိုအပ်ချိန်တွင်ကူညီပံ့ပိုးပေးနိုင်ရန်အတွက်မျိုးစေ့ထုတ်လုပ်ရေးသမဝါယမအသင်းများဖွဲ့စည်းပြီးလုပ်ငန်းဆောင်ရွက်မှုအခြေအနေမှာအောက်ပါအတိုင်းဖြစ်ပါသည်-

- ❖ တိုင်းဒေသကြီး/ ပြည်နယ် - ၁၁ ခု

- ❖ မြို့နယ်ပေါင်း - ၁၁၉ မြို့နယ်
- ❖ အသင်းပေါင်း - ၁၆၆ သင်း
- ❖ အသင်းသားပေါင်း - ၄၂၀၀ ဦး
- ❖ မျိုးစေ့ထုတ်ဧက - ၁၂၆၇၀.၈၂ ဧက
- ❖ ပံ့ပိုးချေးငွေ - ၃၁၀၂.၆၁၉ ကျပ်သန်း

**သမဝါယမဦးစီးဌာနဝန်ထမ်းများ၊သမဝါယမအသင်းအမှုဆောင်များနှင့်အသင်းဝန်ထမ်းများအတွက်သင်တန်းဖွင့်လှစ်နိုင်မှုအခြေအနေ**

| စဉ် | ခုနှစ် | သင်တန်းအမည် | အကြိမ် | ဦးရေ |
|---|---|---|---|---|
| ၁ | ၁-၄-၂၀၁၇မှ ၃၁-၃-၂၀၁၈ထိ | ဌာနဝန်ထမ်းများသင်တန်း | ၁၅၆ | ၄၇၈၄ |
| | | အသင်းအမှုဆောင်နှင့်အသင်းဝန်ထမ်းများ ပညာပေးသင်တန်း | ၉၀၈ | ၃၄၇၄၂ |
| ၂ | ၁-၄-၂၀၁၈မှ ၃၀-၉-၂၀၁၉ထိ | ဌာနဝန်ထမ်းများသင်တန်း | ၅၆ | ၄၀၉၂ |
| | | အသင်းအမှုဆောင်နှင့်အသင်းဝန်ထမ်းများ ပညာပေးသင်တန်း | ၁၀၁၃ | ၃၆၇၅၄ |
| ၃ | ၁-၁၀-၂၀၁၉မှ ၃၁-၁-၂၀၂၀ထိ | ဌာနဝန်ထမ်းများသင်တန်း | ၅ | ၁၇၆ |
| | | အသင်းအမှုဆောင်နှင့်အသင်းဝန်ထမ်းများ ပညာပေးသင်တန်း | ၉၁ | ၂၈၈၉ |

၂၀၁၉-၂၀၂၀ပညာသင်နှစ်၊သမဝါယမတက္ကသိုလ်/ကောလိပ်များ၏ပထမနှစ်ဝက်စာသင်နှစ်ကို (၂-၁၂-၂၀၁၉)ရက်နေ့တွင်စတင်ဖွင့်လှစ်ခဲ့ပြီး (၃၁-၁-၂၀၂၀)ရက်နေ့ထိစာသင်နှစ်အလိုက်ကျောင်းသား၊ကျောင်းသူတက်ရောက်မှုအခြေအနေမှာအောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | တက္ကသိုလ်/ကောလိပ် | ပထမနှစ် | ဒုတိယနှစ် | တတိယနှစ် | စတုတ္ထနှစ် | PGD | Master-I | Master-II | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| ၁ | သမဝါယမတက္ကသိုလ် (သန်လျင်) | ၂၂၈ | ၄၁၄ | ၅၅၅ | ၄၄၁ | ၃ | ၃၉ | ၄၀ | **၁၇၂၀** |

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ၂ | သမဝါယမတက္ကသိုလ် (စစ်ကိုင်း) | ၂၉၆ | ၄၁၂ | ၇၃၈ | ၇၁၅ | ၁၁ | ၆၃ | ၆၃ | **၂၂၉၈** |
| ၃ | သမဝါယမကောလိပ် (မန္တလေး) | ၂၂၆ | ၂၅၄ | - | - | - | - | - | **၄၈၀** |
| ၄ | သမဝါယမကောလိပ် (ဖောင်ကြီး) | ၁၂၉ | ၂၄၇ | - | - | - | - | - | **၃၇၆** |
| **စုစုပေါင်း** | | ၈၇၉ | ၁၃၂၇ | ၁၂၉၃ | ၁၁၅၆ | ၁၄ | ၁၀၂ | ၁၀၃ | ၄၈၇၄ |

**သမဝါယမဦးစီးဌာန၊ညွှန်ကြားရေးမှူးချုပ်ရုံး၊စစ်ဆေးရေးဌာနခွဲ၏နှစ်ချုပ်စာရင်းစစ်ဆေးပြီးစီးမှုနှင့် (၆)လချုပ်စာရင်းစစ်ဆေးပြီးစီးမှုအခြေအနေ**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ၂၀၁၈ - ၂၀၁၉ဘဏ္ဍာရေးနှစ်နှစ်ချုပ်စာရင်း စစ်ဆေးခြင်း | | | ၂၀၁၉ - ၂၀၂၀ဘဏ္ဍာရေးနှစ်(၆)လချုပ်စာရင်းစ စ်ဆေးခြင်း | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | စစ်ရန်အသင်း | စစ်ပြီးအသင်း | စစ်ရန်ကျန် | စစ်ရန်အသင်း | စစ်ပြီးအသင်း | စစ်ရန်ကျန် | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |
| ၁ | ကချင် | ၇၄၅ | ၇၄၅ | - | ၇၅၃ | ၇၅၃ | - | |
| ၂ | ကယား | ၂၇၉ | ၂၇၉ | - | ၂၇၉ | ၂၇၉ | - | |
| ၃ | ကရင် | ၅၉၂ | ၅၉၂ | - | ၅၉၂ | ၅၉၂ | - | |
| ၄ | ချင်း | ၆၁၁ | ၆၁၁ | - | ၆၁၁ | ၆၁၁ | - | |
| ၅ | စစ်ကိုင်း | ၅၄၈၆ | ၅၄၈၆ | - | ၅၄၈၆ | ၅၄၈၆ | - | |
| ၆ | တနင်္သာရီ | ၅၀၈ | ၅၀၈ | - | ၅၀၈ | ၅၀၈ | - | |
| ၇ | ပဲခူး | ၆၈၃၁ | ၆၈၃၁ | - | ၆၈၃၀ | ၆၈၃၀ | - | |
| ၈ | မကွေး | ၅၄၈၂ | ၅၄၈၂ | - | ၅၄၈၂ | ၅၄၈၂ | - | |
| ၉ | မန္တလေး | ၄၈၁၉ | ၄၈၁၉ | - | ၄၈၁၉ | ၄၈၁၉ | - | |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၁၀ | မွန် | ၉၅၁ | ၉၅၁ | - | ၉၀၄ | ၉၀၄ | - | |
| ၁၁ | ရခိုင် | ၁၃၁၂ | ၁၃၁၂ | - | ၂၇၆၀ | ၂၇၆၀ | - | |
| ၁၂ | ရန်ကုန် | ၂၇၆၀ | ၂၇၆၀ | - | ၁၃၁၂ | ၁၃၁၂ | - | |
| ၁၃ | ရှမ်း | ၂၂၂၄ | ၂၂၂၄ | - | ၂၂၂၀ | ၂၂၂၀ | - | |
| ၁၄ | ဧရာဝတီ | ၆၉၃၈ | ၆၉၃၈ | - | ၇၀၈၂ | ၇၀၈၂ | - | |
| ၁၅ | နေပြည်တော် | ၆၈၈ | ၆၈၈ | - | ၆၇၃ | ၆၇၃ | - | |
| ၁၆ | ဗဟိုသမဝါယမ | ၁ | ၁ | - | – | – | - | |
| ၁၇ | အသင်းစုချုပ်(၆) | ၅ | ၅ | - | ၁ | ၁ | - | |
| | **စုစုပေါင်း** | **၄၀၂၃၂** | **၄၀၂၃၂** | - | **၄၀၁၃၁** | **၄၀၁၃၁** | **-** | |

**Cash Memo အသုံးပြုမည့်အမှတ်တရပစ္စည်းအရောင်းဆိုင်များလိုက်နာရမည့်စည်းကမ်းချက်များ**

(၁)

ပြေစာပေါ်တွင်အသုံးပြုသည့်အမှတ်တရပစ္စည်းအရောင်းဆိုင်၏အမည်၊လိပ်စာ၊တယ်လီဖုန်းအမှတ်နှင့်အမှတ်တရပစ္စည်းအရောင်းဆိုင်မှတ်ပုံတင်အမှတ်များကိုထင်ရှားစွာရိုက်နှိပ်ဖော်ပြထားမည်။

(၂)

ပြေစာကို(၄)စောင်ရေးသွင်းရမည်ဖြစ်ပြီးမူရင်းပြေစာကိုဝယ်ယူသူအားလည်းကောင်း၊ပထမမိတ္တူကိုအကောက်ခွန်ဦးစီးဌာနအတွက်လည်းကောင်း၊ဒုတိယမိတ္တူကိုသမဝါယမဦးစီးဌာနအတွက်လည်းကောင်း၊ပေးဝေရန်ဖြစ်ပြီးကျန်(၁)စောင်ကိုရောင်းချသည့်အရောင်းဆိုင်၏လက်ခံအဖြစ်ထားရှိရန်ဖြစ်ပါသည်။အကောက်ခွန်ဦးစီးဌာနအတွက်ပထမမိတ္တူကိုဝယ်ယူသူနှင့်တစ်ပါတည်းပေးလိုက်ရန်ဖြစ်ပါသည်။

(၃)

ပြေစာကိုပြေစာအမှတ်စဉ်များအတိုင်းသုံးစွဲရန်ဖြစ်ပြီးမှားယွင်းရေးသွင်းပါကဖျက်ဆီးခြင်းမပြုဘဲပြေစာစာအုပ်တွင်ပင်ထားရှိရမည်။ပြေစာအသုံးပြုခြင်းအတွက်မှတ်တမ်းစာအုပ်ဖွင့်လှစ်ရေးသွင်းထားရှိရမည်။

(၄) သတ်မှတ်ပြေစာဖြင့်အမှတ်တရပစ္စည်းရောင်းချရာတွင်ပြေစာတစ်စောင်လျှင်မြန်မာငွေကျပ်(၁၅)သိန်းထက်မပိုစေဘဲရောင်းချရန်ခွင့်ပြုပါသည်။ခွင့်ပြုချက်ထက်ပိုရောင်းပါကရောင်းချသူနှင့်အရောင်းဆိုင်ကိုလိုအပ်သလိုအရေးယူမည်ဖြစ်ပါသည်။ပြေစာပေါ်တွင်"မြန်မာငွေကျပ်(၁၅)သိန်းထက်မပိုရ" ဟူသောစာသားကိုထင်ရှားစွာရိုက်နှိပ်ထားရမည်။

(၅)

ပြေစာတွင်ရောင်းချသည့်ပစ္စည်းမှာရေးဟောင်းပစ္စည်းမဟုတ်ကြောင်းထုတ်ဖော်ဝန်ခံကြေညာ ပြီးဖြစ်၍လိမ်လည်ဆောင်ရွက်ခြင်းတွေ့ရှိပါကဥပဒေအရအရေးယူခြင်းခံယူရမည်။

(၆)

အရောင်းဆိုင်ကတာဝန်ယူရန်ခက်ခဲသည့်ရှေးဟောင်းပုံစံတူပစ္စည်းများအတွက်ရှေးဟောင်းသုတေသနဦးစီးဌာန၏ထောက်ခံချက်ရယူနိုင်ပါသည်။

(၇) ဤပြေစာဖြင့်ရောင်းချရာတွင်မြန်မာကျပ်ငွေဖြင့်သာရောင်းချရမည်။

(၈) ဤကုန်ရောင်းပြေစာဖြင့်ရောင်းချသည့်မြန်မာကျပ်ငွေတန်ဖိုး၏၁% (တစ်ရာခိုင်နှုန်း)ကိုစီမံဆောင်ရွက်ခအဖြစ်သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်သမဝါယမဦးစီးဌာနငွေစာရင်းအမှတ်များသို့မြန်မာကျပ်ငွေဖြင့် (၃)လတစ်ကြိမ်ပေးသွင်းရမည်။

(၉) ပြေစာသုံးစွဲမှုနှင့်စပ်လျဉ်း၍သမဝါယမဦးစီးဌာနအဆင့်ဆင့်၏ကြီးကြပ်မှုခံယူရမည်။

## Cash Memo အသုံးပြုခွင့်ရအမှတ်တရပစ္စည်းအရောင်းဆိုင်(၃၅)ဆိုင်စာရင်း

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | | အမှတ်တရပစ္စည်း အရောင်းဆိုင်အမည် | အရောင်းဆိုင် မှတ်ပုံတင်အမှတ် | တည်နေရာ |
|---|---|---|---|---|---|
| ၁ | ၂ | | ၃ | ၄ | ၅ |
| ၁ | ရန်ကုန် | ၁ | "စိန်စကြာ" လွယ်အိတ်အရောင်းဆိုင် | 030/YGN | ၁၅၁/၁၅၅အနော်ရထာလမ်းနှင့်မဟာဗန္ဓုလပန်းခြံလမ်းထောင့် ကျောက်တံတားမြို့နယ် |
| | | ၂ | "အောင်ပင်လယ်"Co-op Souvenir Shop" အရောင်းဆိုင် | 036/YGN | ရန်ကုန်လေဆိပ်၊မင်္ဂလာဒုံ |
| | | ၃ | "လပ်ကီးဂျိတ်"အမှတ်တရပစ္စည်းအရောင်းဆိုင် | 051/YGN | ဆရာစံပလာဇာ |
| | | ၄ | "ခေတ်ဆန်းရတနာ"အမှတ်တရပစ္စည်းအရောင်းဆိုင် | 053/YGN | အမှတ်၄၈၊ဗဟိုရုံ၊ဗိုလ်ချုပ်ဈေး |
| | | ၅ | "လှမြန်မာ"အမှတ်တရပစ္စည်းအရောင်းဆိုင် | 058/YGN | တိုက်၄၉၊အခန်း၂၄၊ဗဟိုစည်အိမ်ယာ၊လမ်းမတော်မြို့နယ် |

| | | | | | |
|---|---|---|---|---|---|
| | | ၆ | Aung Wood Home Collection | 062/YGN | အခန်း၀၀၄၊တိုက် – ၃၊ဝေဇယန္တာလမ်းမကြီး၊သင်္ဃန်းကျွန်းမြို့နယ် |
| | | ၇ | "ဘစိုးဥ"မြန်မာမှုအနုပညာရတနာ အမှတ်တရပစ္စည်းအရောင်းဆိုင် | 064/YGN | ဆရာစံပလာဇာ၊ရန်ကုန်မြို့။No (0208)၊ဒုတိယထပ်၊ Excel Tower |
| | | ၈ | "လောကသစ်(ပုဂံ)" အမှတ်တရပစ္စည်း အရောင်းဆိုင် | 072/YGN | အခန်း(၃)၊တိုက်၄၂(ဒီ)၊တက္ကသိုလ်ရိပ်သာလမ်း သစ်၊ဗဟန်းမြို့နယ် |
| | | ၉ | Good Asia | 077/YGN | အမှတ်၇၊ဥက္ကလာသီရိလမ်း၊၁၁တိုးချဲ့ရပ်ကွက်၊မြောက်ဥက္ကလာပမြို့နယ် |
| | | ၁၀ | "အောင်ကျော်စံမွေး"ကျောက်စိမ်းပန်းပု၊သစ်သားပန်းပုနှင့်ကြိမ်အချောထည်အထွေထွေရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက် | ၃–၁၆၃၇–အထ/ ရန်ကုန်တိုင်းဒေသကြီး | အမှတ်(၂၃၄)၊နံ့သာမြိုင်လမ်း၊နံ့သာကုန်းရပ်ကွက်၊အင်းစိန်မြို့နယ်၊ရန်ကုန်မြို့။ |
| | | ၁၁ | "လှဒေဝီ" မြန်မာ့လက်မှုသစ်သားပန်းပုနှင့်ကြိမ်အချောထည်ထုတ်လုပ်ရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက် | ၃–၁၆၅၃–အထ/ ရန်ကုန်တိုင်းဒေသကြီး | အမှတ်(၁၃၆)၊ဗားကရာလမ်း၊စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့။ |
| | | ၁၂ | "ခိုင်သစ္စာ" ကျောက်စိမ်း၊ကျောက်မျက်နှင့်အထွေထွေရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက် | ၃–၁၆၄၆–အထ/ ရန်ကုန်တိုင်းဒေသကြီး | ဆရာစံပလာဇာ၊ တက္ကသိုလ်ရိပ်သာလမ်း၊ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| | | ၁၃ | "သာကီ"မြန်မာ့လက်မှုအနုပညာအမှတ်တရပစ္စည်းထုတ်လုပ်ရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက် | ၃–၂၄၃၃–အထ/ ရန်ကုန်တိုင်းဒေသကြီး | ၂၆/B မင်္ဂလာလမ်း၊8 Block, ကမာရွတ်မြို့နယ်၊ရန်ကုန်မြို့။ |
| | | ၁၄ | "ဂန္ဓမာ"ကနုကမာပစ္စည်းထုတ်လုပ်ရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက် | ၃–၁၅၁၈/စလ/ ရန်ကုန်တိုင်း | Room(0220),2nd Floor, Excel Treasure,Shwe Gon Daing, Bahan Township,Yangon။ |
| | | ၁၅ | "Golden Arts" အမှတ်တရလက်ဆောင်ပစ္စည်းနှင့်အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းလီမိတက် | ၃ – ၂၈၁၆/အထ/ ရန်ကုန်တိုင်းဒေသကြီး | အမှတ် (၁၁) က၊ကျောင်းလမ်း၊မြေနီကုန်း၊စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့။ |

| | | | | | |
|---|---|---|---|---|---|
| ၂ | မန္တလေး | ၁၆ | တော်ဝင်မြန်မာ့အနုပညာပစ္စည်းအရောင်းဆိုင် | 004/MDY | အမှတ်၁၉၈၊၂၉လမ်း၊၈၀ x ၈၁ကြား |
| | | ၁၇ | "နန်းမြင့်"မြန်မာ့ရိုးရာလက်မှုပစ္စည်းအရောင်းဆိုင် | 022/MDY | အမှတ်(၁၉၀)၂၉လမ်း၊၈၀X ၈၁ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ် |
| | | ၁၈ | "ရတနာပူရ" လက်မှုနှင့်အနုပညာပစ္စည်းအရောင်းဆိုင် | 025/MDY | ၇၈လမ်းနှင့်၄၅လမ်းထောင့် ချမ်းမြသာစည်မြို့နယ် |
| | | ၁၉ | "ကြည့်မွေ့ငြိမ်"မြန်မာ့ရိုးရာအမှတ်တရပစ္စည်းအရောင်းဆိုင် | 033/MDY | ၆၄/၄၁လမ်း(၈၃X၈၄)လမ်းကြားမန္တလေးမြို့ |
| | | ၂၀ | "သိန်းထိုက်ရှင်"မြန်မာ့လက်မှုအနုပညာပစ္စည်းအမှတ်တရအရောင်းဆိုင် | 035/MDY | ၅၂၊ကျောက်ဆစ်တန်း၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ချမ်းမြသာစည် မြို့နယ် |
| | | ၂၁ | စိုးမိုးမြန်မာ့လက်မှုအနုပညာပစ္စည်းအမှတ်တရအရောင်းဆိုင် | 036/MDY | အကွက်အမှတ်(၄၉၃)၊စစ်ကိုင်းလမ်းခွဲ တမွဝတီ |
| | | ၂၂ | "မြန်မာ့ရတနာ" အမှတ်တရပစ္စည်းအရောင်းဆိုင် | 037/MDY | ၁၉လမ်း၊၈၂X၈၃လမ်းကြား၊ အကွက်(၁၄၄)မေဃဂီရိရပ်၊ အောင်မြေသာစံမြို့နယ် |
| | | ၂၃ | " အောင်နန်း"မြန်မာ့လက်မှုအနုပညာပစ္စည်းအရောင်းဆိုင် | 048/MDY | အမှတ်၉၇/၉၈/၉၉တမွဝတီ၊ပြည်တော်သာရပ်၊ချမ်းမြသာစည်မြို့နယ် |
| | | ၂၄ | "နေကြာ"မြန်မာ့ရိုးရာလက်မှုအနုပညာပစ္စည်းအရောင်းဆိုင် | 050/MDY | ချမ်းအေးသာစံမြို့နယ်၊မန္တလေးတိုင်း |
| | | ၂၅ | "ဒဿဂီရိ" မြန်မာ့လက်မှုအနုပညာပစ္စည်းအရောင်းဆိုင် | 049/MDY | ၈၄ X ၈၅လမ်းကြား၊စစ်ကိုင်းလမ်းခွဲ၊ချမ်းမြသာစည် မြို့နယ် |
| | | ၂၆ | "ရွှေအိမ်"မြန်မာ့ရိုးရာအနုပညာလက်မှုပစ္စည်းထုတ်လုပ်ရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက် | ခ-၄၀၄၂/ငခ/ ချမ်းအေးသာစံ | ချမ်းအေးသာစံမြို့နယ်၊မန္တလေးမြို့။ |
| | | ၂၇ | "အလှနတ်သမီး" မြန်မာ့ရိုးရာလက်မှုပစ္စည်းနှင့်ပန်းပုထုတ်လုပ်ရောင်းချရေး သမဝါယမအသင်းလီမိတက် | ခ-၅၈၆၀/စလ/ ချမ်းအေးသာစံ | ချမ်းအေးသာစံမြို့နယ်၊မန္တလေးမြို့။ |

| | | | | | |
|---|---|---|---|---|---|
| | | ၂၈ | "မြတ်ဆုပန်"မြန်မာ့ရိုးရာလက်မှု အနုပညာပစ္စည်းနှင့်ပန်းပုထုတ်လုပ် ရောင်းချရေးသမဝါယမအသင်း လီမိတက် | ခ-၅၉၁၈/စလ/ ချမ်းအေးသာစံ | ၂၇လမ်း၊၈၃-၈၄လမ်း ကြား၊ချမ်းအေးသာစံမြို့နယ်၊ မန္တလေး |
| | | ၂၉ | "ငွေကမ္ဘာ" သစ်အချောထည်နှင့်မြန်မာ့လက်မှုအနုပညာ လုပ်ငန်းထုတ်လုပ်ရောင်းဝယ်ရေးသမဝါယမအ သင်းလီမိတက် | ခ-၃၇၉၃/စလ/ ပြည်ကြီးတံခွန် | စက်မှုဇုန် (၂)၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ |
| | | ၃၀ | "မြတ်မိခင်" သစ်အချောထည်၊ပရိဘောဂနှင့်ပန်းပုရုပ်မျိုးစုံ ထုတ်လုပ်ရောင်းဝယ်ရေးသမဝါယမအသင်း လီမိတက် | ခ - ၆၉၇၀/ စလ/ အောင်မြေသာစံ | အမှတ်(၂)၊အကွက်(၄၀)၊အိုး ဘိုရပ်၊အောင်မြေသာစံမြို့န ယ်၊မန္တလေးမြို့။ |
| | | ၃၁ | "ပျူ" မြန်မာ့ရိုးရာလက်မှုပစ္စည်းနှင့်ပန်းပုထုတ်လုပ် ရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက် | ခ - ၃၄၃၇/ စလ/ ချမ်းအေးသာစံ | ၃၅လမ်း၊၅၆လမ်းဒေါင့်၊ချမ်းေ ေးသာစံမြို့နယ်၊မန္တလေးမြို့ ။ |
| | | ၃၂ | "ရွှေစင်ရတနာ" ပန်းပုအနုပညာသမဝါယမအသင်းလီမိတက် | ခ- ၃၇၄၉/စလ/ အောင်မြေသာစံ | အမှတ်(၈၈၇) ၁၉လမ်း၊ ၈၉လမ်း- ၉၀လမ်းကြား၊ အောင်မြေသာစံ |
| ၃ | **ပဲခူး** | ၃၃ | ပဲခူးအနုပညာမြန်မာ့ရိုးရာပန်းပညာစက်မှု လက်မှုကုန်ထုတ်သမဝါယမအသင်းလီမိတ က် | ဃ-၃၆/စထ/ပဲခူး | ရွှေသာလျောင်းဘုရားအနီး၊ ပဲခူးမြို့နယ် |
| ၄ | **ရှမ်း** | ၃၄ | စိန်သမာဓိ | 006/TGI | ဟဲယားရွာမ၊ ညောင်ရွှေ မြို့နယ် |
| | | ၃၅ | ပုလဲမြို့တော် | 068/YGN | အမှတ်၁၈၊ မဟာဝန် တိုက်တန်း၊ မြောက်ရပ်ကွက်၊ မူဆယ်မြို့ |

**နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်မှုအခြေအနေ**

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊သမဝါယမဦးစီးဌာနသည်မြန်မာနိုင်ငံ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများတွင်သမဝါယမကဏ္ဍမှကျေး လက်နေပြည်သူများ၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရေးအတွက်နိုင်ငံတကာအဖွဲ့အစည်းများ နှင့်ပြည်တွင်းအဖွဲ့အစည်းများမှLoan, Grants, Aid နှင့်အသေးစားချေးငွေ (Microfinance)များရရှိနိုင်ရေးပံ့ပိုးပေးလျက်ရှိပါသည်။

သမဝါယမဦးစီးဌာနနှင့်အဓိကပူးပေါင်းဆောင်ရွက်လျက်ရှိသောနိုင်ငံတကာအဖွဲ့အစည်းများ မှာKOICA ၊JICA ၊China EXIM Bank ၊World Bank ၊DGRV ၊WeEffect ၊FAO ၊UNODC ၊UNCDF

၊UNIDO ၊UNDP၊LIFT Fund ၊Korea Daedong Industrial Co., Ltd ၊Canadian Cooperative Association (CCA) အဖွဲ့နှင့်နယ်သာလန်နိုင်ငံAgriterra အဖွဲ့စသည်တို့ဖြစ်ပါသည်။

ထိုအဖွဲ့အစည်းများအနက်မှChina EXIM Bank ၊Korea Saemaul Undong ၊Korea Daedong Industrial Co., Ltd ၊Canadian Cooperative Association (CCA) အဖွဲ့နှင့်နယ်သာလန်နိုင်ငံAgriterra အဖွဲ့တို့နှင့်နားလည်မှုစာချွန်လွှာ(MoU) များကိုလက်မှတ်ရေးထိုးပြီးလုပ်ငန်းများဆောင်ရွက်လျက်ရှိပါသည်။

**China EXIM Bank နှင့်လုပ်ငန်းဆောင်ရွက်မှုအခြေအနေ**

၂၁-၁၂-၂၀၁၂ ရက်နေ့တွင် ယခင်သမဝါယမဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် တရုတ်သံအမတ်ကြီး ဦးဆောင်သောအဖွဲ့တို့ တွေ့ဆုံခဲ့ပါသည်။ ကျေးရွာ(၁)ရွာ ကျပ်သိန်း(၁၀၀) ထောက်ပံ့နိုင်ရန်ရည်ရွယ်၍ ရွာပေါင်း (၆၀၀၀၀) ကျော်အတွက် ဘီလီယံ(၆၀၀)ကျော် အမေရိကန်ဒေါ်လာ သန်း(၇၀၀) လိုအပ်ချက် အခြေအနေဆွေးနွေး ခဲ့ပါသည်။ နိုင်ငံတော်သမ္မတကြီး၏ တရုတ်ပြည်ခရီးစဉ်အတွင်း ၅-၄-၂၀၁၃ ရက်နေ့၌ Financing Arrangement ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊EXIM Bank ဥက္ကဋ္ဌ Li Ruogu နှင့် မြန်မာနိုင်ငံ၊ ဘဏ္ဍာရေးဝန်ကြီးဌာနကိုယ်စား တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်ဦးတို့က လက်မှတ်ရေးထိုးခဲ့ကြပါသည်။

Financing Arrangement အရအောက်ပါအတိုင်းသဘောတူညီခဲ့ပါသည် -

| | | |
|---|---|---|
| (က) | ချေးငွေပမာဏ | - အမေရိကန်ဒေါ်လာသန်း (၇၀၀) |
| (ခ) | ပထမအကြိမ်စမ်းသပ်ချေးငွေ | - အမေရိကန်ဒေါ်လာသန်း (၁၀၀) |
| (ဂ) | ဒုတိယအကြိမ်စမ်းသပ်ချေးငွေ | - အမေရိကန်ဒေါ်လာသန်း (၃၀၀) |
| (ဃ) | သက်တမ်း | - (၁၀)နှစ်<br>- ပထမ(၂)နှစ်အတွင်းအတိုးနှုန်းသာပေးရမည်၊<br>- ကျန်(၈)နှစ်တွင် ( အရင်း + အတိုး) ပေးရမည်။ |
| (င) | အတိုးနှုန်း | - ၄.၅ % (တစ်နှစ်) |
| (စ) | Management Fee | - ၁ % (အမေရိကန်ဒေါ်လာသန်း ၁၀၀)<br>၀.၅%(အမေရိကန်ဒေါ်လာသန်း၃၀၀)<br>(ဗဟိုသမဝါယမအသင်းမှ ကနဦးစိုက်ထုတ်၍ စာချုပ်ချုပ်ပြီး ရက်ပေါင်း ၆၀ အတွင်း တစ်ကြိမ်တည်း ကြိုတင်ပေးသွင်းရပါမည်။) |
| (ဆ) | လယ်သမားသို့ချေးမည့်အတိုးနှုန်း | - ၁၈ % / ၂၄ % (တစ်နှစ်) |

(၁၈-၁၀-၂၀၁၃) ရက်နေ့တွင် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းရှေ့မှောက်တွင် MFTB ၏ MD နှင့် China EXIM Bank မှ DGM တို့သည်ချေးငွေ အမေရိကန်ဒေါ်လာသန်း (၁၀၀)အတွက် Facility Agreement အား သဘောတူလက်မှတ်ရေးထိုး စာချုပ်ချုပ်ဆိုခဲ့ပါသည်။ အဆိုပါ

ချေးငွေများအတွက်ကြီးကြပ်မှုကော်မတီ အဆင့်ဆင့် ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်လုပ်ကိုင် ဆောင်ရွက်ခဲ့ပါသည်။

**ကိုရီးယားသမ္မတနိုင်ငံDaedong Industrial Co., Ltd နှင့်ပူးပေါင်းဆောင်ရွက်မှု**

ကိုရီးယားသမ္မတနိုင်ငံDaedong Industrial Co., Ltd နှင့်ယခင်သမဝါယမဝန်ကြီးဌာနတို့ပူးပေါင်း၍မြန်မာနိုင်ငံလယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်ရန်ပြည်ထောင်စုလွှတ်တော်ထံတင်ပြရာပြည်ထောင်စုလွှတ်တော်၏(၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး(၂၁)ရက်မြောက်နေ့တွင်ထောက်ခံမဲ (၄၂၇)မဲ၊ကန့်ကွက်မဲ(၄၆)မဲနှင့်ကြားနေမဲ(၁၂)မဲဖြင့်(၃၀-၁၀-၂၀၁၄)ရက်နေ့တွင်အတည်ပြုချက်ရရှိခဲ့ပါသည်။

မြန်မာနိုင်ငံ၏လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့်လက်မှုလယ်ယာစနစ်မှစက်မှုလယ်ယာစနစ်သို့ကူးပြောင်းနိုင်ရေးအတွက်လိုအပ်သောလယ်ယာသုံးစက်ကိရိယာပစ္စည်းများကိုတောင်သူလယ်သမားများသည်ဈေးနှုန်းသက်သက်သာသာဖြင့်ဝယ်ယူရရှိနိုင်ရေးယခင်သမဝါယမဝန်ကြီးဌာနနှင့်ကိုရီးယားသမ္မတနိုင်ငံDaedong Industrial Co., Ltd တို့အကြားနားလည်မှုစာချွန်လွှာ (MOU) တစ်ရပ်ကို (၂၁-၈-၂၀၁၄) ရက်နေ့တွင်လက်မှတ်ရေးထိုးခဲ့ပါသည်။

စက်မှုလယ်ယာစနစ်သို့ကူးပြောင်းနိုင်ရေးအတွက်အမေရိကန်ဒေါ်လာသန်း(၁၀၀) တန်ဖိုးရှိလယ်ယာသုံးစက်ကိရိယာများကိုကာလရှည်အရစ်ကျငွေချေစနစ်ဖြင့် (Hire Purchase) စနစ်ဖြင့်တောင်သူလယ်သမားများထံဖြန့်ဖြူးရောင်းချနိုင်ရေးအတွက်ယခင်သမဝါယမဝန်ကြီးဌာနနှင့်Daedong Industrial Co., Ltd တို့အကြားSale and Purchase Agreement သဘောတူစာချုပ်ကို (၁၃-၁၁-၂၀၁၄) ရက်နေ့တွင်လက်မှတ်ရေးထိုးခဲ့ပါသည်။

(၇-၁-၂၀၁၅)ရက်နေ့တွင်လယ်ယာသုံးစက်ကိရိယာပစ္စည်းများဝယ်ယူရန်အတွက်Daedong Industrial Co., Ltd နှင့်အမေရိကန်ဒေါ်လာ(၁၅)သန်းတန်ဖိုးရှိချေးငွေသဘောတူညီမှုစာချုပ်ကိုလက်မှတ်ရေးထိုးခဲ့ပြီး(၂၆-၁-၂၀၁၅)ရက်နေ့တွင်အမေရိကန်ဒေါ်လာ(၁၅)သန်းကိုOCBC Singapore ဘဏ်မှတစ်ဆင့်မြန်မာ့စီးပွားရေးဘဏ်ရှိသမဝါယမဦးစီးဌာန၏နိုင်ငံခြားငွေစာရင်းသို့လွှဲပြောင်းပေးခဲ့ပြီး (၂၈-၁-၂၀၁၅)ရက်နေ့တွင်Daedong Industrial Co.,Ltd ထံသို့ပြန်လည်လွှဲပြောင်းပေးခဲ့ပြီးဖြစ်ပါသည်။ (၂၁-၁-၂၀၁၅)ရက်နေ့တွင်လယ်ယာသုံးစက်ကိရိယာပစ္စည်းများဝယ်ယူရန်အတွက်Shinhan Bank နှင့်အမေရိကန်ဒေါ်လာ(၈၅)သန်းတန်ဖိုးရှိချေးငွေသဘောတူညီစာချုပ်ကိုလက်မှတ်ရေးထိုးခဲ့ပါသည်။1st Utilisation အနေဖြင့် (၉-၂-၂၀၁၅) ရက်နေ့တွင်အမေရိကန်ဒေါ်လာ

(၅၇,၁၉၄,၆၀၀)ကိုလည်းကောင်း၊2nd Utilisation အနေဖြင့် (၂၃-၃-၂၀၁၅)ရက်နေ့တွင်အမေရိကန်ဒေါ်လာ (၂၇,၈၀၂,၈၀၀) ကိုလည်းကောင်းအသီးသီးရရှိခဲ့ပါသည်။

**Canadian Cooperative Association (CCA) အဖွဲ့နှင့်ပူးပေါင်းဆောင်ရွက်မှု**

နိုင်ငံခြားအကူအညီအထောက်အပံ့ဖြင့်ချေးငွေများရယူပြီးသမဝါယမလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကိုဆောင်ရွက်လျက်ရှိရာတွင်သမဝါယမဦးစီးဌာနနှင့်Canadian Cooperative Association (CCA) တို့အကြားပူးပေါင်း၍အသက်မွေးဝမ်းကြောင်းနှင့်စားနပ်ရိက္ခာလုံခြုံရေးရန်ပုံငွေအဖွဲ့ (Livelihoods and Food Security Trust Fund – LIFT) အကူအညီဖြင့်မြန်မာနိုင်ငံအလယ်ပိုင်းမန္တလေးတိုင်းဒေသကြီးအတွင်းရှိမြင်းခြံမြို့နယ်၊တောင်သာမြို့နယ်၊နွားထိုးကြီးမြို့နယ်နှင့်မကွေးတိုင်းဒေသကြီးအတွင်းရှိပခုက္ကူမြို့နယ်၊ရေစကြိုမြို့နယ်တို့တွင်"မြန်မာနိုင်ငံသမဝါယမအသင်းများမှတစ်ဆင့်ငွေကြေးကဏ္ဍတွင်ပါဝင်ခြင်းနှင့်တိုးချဲ့ဆောင်ရွက်ခြင်းMyFINANCE"စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက်နားလည်မှုစာချွန်လွှာ(MOU)တစ်ရပ်ကို (၂၅-၁၀-၂၀၁၇) ရက်နေ့တွင်နေပြည်တော်ရှိGrand Amara Hotel ၌လက်မှတ်ရေးထိုးခဲ့ပါသည်။

အဆိုပါနားလည်မှုစာချွန်လွှာ(MOU) သည်မူဘောင်သဘောတူညီချက် (Framework Agreement) အသွင်မဆောင်သည့်စာချုပ်ဖြစ်ပြီးထောက်ပံ့ပေးမည့်ပုံစံမှာGrant အမျိုးအစားဖြစ်ပါသည်။ရည်ရွယ်ချက်မှာမြန်မာနိုင်ငံအပူပိုင်းဒေသရှိမြို့နယ်အဆင့်သမဝါယမအသင်းစုများအားငင်းတို့၏ဘဏ်လုပ်ငန်းနှင့်သမဝါယမငွေစုငွေချေးလုပ်ငန်းများကိုပညာပေးပြီးရေရှည်တည်တံ့ရေးဆီသို့ကူးပြောင်းနိုင်ရေးကူညီဆောင်ရွက်ပေးရန်ဖြစ်ပါသည်။

စီမံကိန်းကာလမှာ (၃၂)လဖြစ်ပြီးMOU သက်တမ်းအနေဖြင့်၂၀၁၇ခုနှစ်၊အောက်တိုဘာလမှ၂၀၂၀ခုနှစ်၊မေလအထိအမေရိကန်ဒေါ်လာ(၃)သန်းဖြင့်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ဆောင်ရွက်မည့်လုပ်ငန်းများမှာစီမံကိန်းကာလအတွင်းတွင်MyFINANCE သည်အသင်းသားများကိုဝယ်လိုအားဦးစားပေးဝန်ဆောင်မှုများပံ့ပိုးပေးမည့်စဉ်ဆက်မပြတ်ဖြစ်ထွန်းမှုရှိသောမြို့နယ်အဆင့်သမဝါယမငွေရေးကြေးရေးအဖွဲ့အစည်းများပေါ်ပေါက်လာစေရေးအတွက်သမဝါယမအသင်းအမှုဆောင်အဖွဲ့နှင့်ဝန်ထမ်းများကိုသင်တန်းပေးခြင်း၊သမဝါယမအသင်းရုံးခွဲများအားပံ့ပိုးပေးခြင်းနှင့်မူဝါဒများနှင့်အသင်းအတွင်းထိန်းချုပ်မှုများကိုအားကောင်းစေခြင်း၊အခြေခံသမဝါယအသင်းများသို့ထပ်ဆင့်ထုတ်ချေးငွေများဆက်လက်ထုတ်ချေးနိုင်ရန်အစိုးရ/ပုဂ္ဂလိကဘဏ်များမှငွေချေးယူရာတွင်မြို့နယ်သမဝါယမအသင်းစုများအနေဖြင့်အဆင်ပြေလွယ်ကူစေရန်အာမခံရန်ပုံငွေတစ်ရပ်(A guarantee fund) ဖန်တီးထူထောင်ပေးခြင်း၊ငွေရေးကြေးရေးဆိုင်ရာပညာပေးရေး၊ထုတ်ကုန်သစ်ဖွံ့ဖြိုးတိုးတက်မှု၊ဈေး

ကွက်မြှင့်တင်ရေးလုပ်ရှားမှုများ၊ယှဉ်ပြိုင်နိုင်စွမ်းရှိသည့်နှုန်းထားများနှင့်အရောင်းမြှင့်တင်ရေးမက်လုံးများမှတစ်ဆင့်ဆန္ဒအလျောက်စုဆောင်းခြင်းများဖြစ်လာစေရန်စည်းရုံးလှုံ့ဆော်ရာတွင်ပံ့ပိုးပေးခြင်း၊အပ်နှံငွေများပြန်ထုတ်ယူမှုကိုကာမိစေရန်နှင့်အသင်းသားများ၏ယုံကြည်မှုကိုတည်ဆောက်နိုင်ရန်အတွက်ငွေဖြစ်လွယ်မှုအဆင်ပြေလွယ်ကူစေသည့်နည်းလမ်းကိုမိတ်ဆက်ပေးခြင်း၊အသင်းသားလယ်သမားများ၏ချေးယူနေရသည့်ပျမ်းမျှကုန်ကျစရိတ်ကိုလျှော့ချရန်နှင့်စိုက်ပျိုးရာသီစက်ဝန်း(သံသရာလည်မှု)အတိုင်းအစဉ်လိုက်စိုက်ပျိုးနိုင်ရန်ဝယ်လိုအားဦးစားပေးစိုက်ပျိုးရေးနှင့်ဆက်စပ်သည့်ငွေရေးကြေးရေးဆိုင်ရာသတ်မှတ်ချက်များပုံဖော်ရေးဆွဲပေးခြင်း၊အလွှာမျိုးစုံမှအသင်းသားများပါဝင်လာစေရန်နှင့်တိုးပွားလာစေရန်အတွက်ဈေးကွက်ရှာဖွေရေးမဟာဗျူဟာများဖွံ့ဖြိုးတိုးတက်အောင်ေောင်ရွက်ပေးခြင်းစသည်တို့ကိုပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။

CCA
အဖွဲ့အနေဖြင့်စီမံကိန်းဒေသများတွင်အာမခံရန်ပုံငွေတည်ထောင်ခြင်း၊မြို့နယ်ငွေစုငွေချေးသမဝါယမအသင်းများ၏ထုတ်ကုန်များရေးဆွဲခြင်း၊ငွေဖြစ်လွယ်မှုတည်ထောင်ခြင်း၊ချေးငွေထုတ်ပေးခြင်း၊ဈေးကွက်ရှာဖွေမှုဆောင်ရွက်ခြင်း၊လိုအပ်သောအခြေခံအဆောက်အအုံများတည်ထောင်ပေးခြင်း၊သတင်းအချက်အလက်စီမံခန့်ခွဲမှုစနစ်
(MIS)အတွက်Hardwareနှင့်အခြားတွဲဖက်ဆက်စပ်ပစ္စည်းများရရှိနိုင်အောင်ဆောင်ရွက်ပေးခြင်း၊ဝန်ထမ်းများအတွက်အင်္ဂလိပ်စာသင်တန်းများ၊ချေးငွေစီမံခန့်ခွဲခြင်းနှင့်ကိုင်တွယ်ဖြေရှင်းခြင်းသင်တန်းများကိုသင်ကြားပို့ချပေးခြင်း၊ဈေးကွက်သုတေသနရှာဖွေခြင်း၊ဈေးကွက်မဟာဗျူဟာဆောင်ရွက်ခြင်း၊Mobile Banking Systemဖြင့်ကျင့်သုံးဆောင်ရွက်တတ်စေရန်လေ့ကျင့်သင်ကြားပေးခြင်းစသည့်လုပ်ငန်းများကိုကူညီပံ့ပိုးဆောင်ရွက်လျက်ရှိပါသည်။

**နယ်သာလန်နိုင်ငံ Agriterra အဖွဲ့နှင့်ပူးပေါင်းဆောင်ရွက်မှု**

နယ်သာလန်နိုင်ငံအခြေစိုက် Agriterra (နိုင်ငံတကာစိုက်ပျိုးရေးကဏ္ဍပူးပေါင်းဆောင်ရွက်ရေးအဖွဲ့)သည်နယ်သာလန်နိုင်ငံ၏စီးပွားရေးရာဝန်ကြီးဌာနနှင့်ယခင်အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနတို့နှင့်၂၀၁၅ခုနှစ်၊မေလ(၁၉)ရက်နေ့တွင်လက်မှတ်ရေးထိုးခဲ့သောနှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာနားလည်မှုစာချွန်လွှာ၏အခန်း(၃)
နောက်ဆက်တွဲ(က)၏စာမျက်နှာ(၅)တွင်ဖော်ပြထားသောလယ်သမားအဖွဲ့အစည်းများအားပူးပေါင်းပါဝင်ဖွဲ့စည်းနိုင်ရေးဆိုင်ရာအချက်နှင့်စပ်လျဉ်း၍ “မြန်မာနိုင်ငံသမဝါယမကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းအစီအစဉ်” (Myanmar Cooperative DevelopmentProgramme)ကိုသမဝါယမဦးစီးဌာနနှင့်ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက်

(၁၂-၆-
၂၀၁၈)ရက်နေ့တွင်နယ်သာလန်နိုင်ငံ၌နားလည်မှုစာချွန်လွှာ(MoU)တစ်ရပ်ကိုလက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။

အဆိုပါနားလည်မှုစာချွန်လွှာ (MOU)၏ထောက်ပံ့မှုအမျိုးအစားမှာအကူအညီ(Grant) ဖြစ်ပြီးစီမံကိန်းကာလမှာ၂၀၁၈ခုနှစ်မှ၂၀၂၁ခုနှစ်အထိ (၄)နှစ်ဖြစ်၍စီမံကိန်းကိုမြန်မာနိုင်ငံအလယ်ပိုင်းအပူပိုင်းဇုန်ဒေသရှိစစ်ကိုင်းတိုင်းဒေသကြီး၊မန္တလေးတိုင်းဒေသကြီး၊မကွေးတိုင်းဒေသကြီးနှင့်ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင်စီမံကိန်းရန်ပုံငွေအမေရိကန်ဒေါ်လာ(၉၆၁,၂၉၅) အထောက်အပံ့ဖြင့်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

စီမံကိန်းကာလအတွင်းဆောင်ရွက်မည့်လုပ်ငန်းများမှာသမဝါယမအသင်းအမှုဆောင်အဖွဲ့နှင့်ဝန်ထမ်းများကိုသင်တန်းများပေးခြင်း၊ Exchange Visit များစေလွှတ်ခြင်း၊ Workshopများကျင်းပပြုလုပ်ခြင်း၊စိုက်ပျိုးရေးသမဝါယမအသင်းသားများ၊ဝန်ထမ်းများနှင့်ပြည်သူလူထုတို့အကြားသမဝါယမအပေါ်ယုံကြည်မှုပိုမိုတိုးပွားလာစေရေးအတွက်အသိပညာပေးခြင်း၊သမဝါယမဦးစီးဌာနဝန်ထမ်းများအားဆရာဖြစ် Capacity Building သင်တန်းများပေးခြင်း၊၎င်းတို့မှတစ်ဆင့်စံပြသမဝါယမအသင်းများအားရွေးချယ်ပြီးဆင့်ပွားသင်တန်းများပေးခြင်းဖြင့်ဈေးကွက်ရှာဖွေရေးမဟာဗျူဟာများဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပေးခြင်းတို့ကိုကူညီပံ့ပိုးပေးလျက်ရှိပါသည်။

Myanmar Cooperative Development Programme – သမဝါယမဖွံ့ဖြိုးမှုအစီအစဉ်အတွက်အောက်ဖော်ပြပါအဓိကကဏ္ဍ(၅)ရပ်တွင်ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါသည်-

(က) သမဝါယမအပေါ်ယုံကြည်မှုခိုင်မာလာစေရန်
(အသင်းသားများ၊ဝန်ထမ်းများ၊ဈေးကွက်နှင့်သက်ဆိုင်ရာဒေသအာဏာပိုင်များ)

(ခ) အသင်းသားများ၏ပိုင်ရှင်စိတ်ဓါတ်နှင့်ကတိကဝတ်များအားတိုးတက်ရရှိလာစေရန်၊

(ဂ) ဈေးကွက်ချိတ်ဆက်ခြင်း၊စီးပွားရေးများမြှင့်တင်ခြင်းနှင့်တန်ဖိုးမြင့်ကွင်းဆက်များဖော်ဆောင်ပေးရန်၊

(ဃ) ငွေကြေးရရှိနိုင်မှုလက်လှမ်းမီစေရန်၊
(စီးပွားရေးလုပ်ငန်းအတွက်ချေးငွေများရရှိနိုင်ရန်)

(င) သမဝါယမအသင်းသားများ၊သမဝါယမဝန်ထမ်းများနှင့်လယ်သမားအဖွဲ့အစည်းများ၏စီမံခန့်ခွဲမှုစွမ်းရည်မြှင့်တင်ပေးရန်၊

နယ်သာလန်နိုင်ငံနှင့်မြန်မာနိုင်ငံအစိုးရတို့နှစ်နိုင်ငံသဘောတူညီချက်အရစိုက်ပျိုးရေးနှင့် သမဝါယမကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတို့တွင် Agriterra အဖွဲ့မှကူညီပံ့ပိုးဆောင်ရွက်မည့်အစီအမံများနှင့်ပတ်သက်၍ရှမ်းပြည်နယ်တောင်ပိုင်း၊အောင်ပန်းမြို့ရှိ '' SS Hotel '' တွင်(၂၀-၁၁-၂၀၁၇) ရက်နေ့မှ (၂၄-၁၁-၂၀၁၇) ရက်နေ့ထိ (၅)ရက်ကြာ '' ကျွန်ုပ်၏သမဝါယမအားစီမံခန့်ခွဲခြင်း '' (My.Coop) သင်တန်းအားအောင်မြင်စွာကျင်းပပြုလုပ်ခဲ့ပါသည်။

ထို့အပြင် '' ကျွန်ုပ်၏သမဝါယမအားစီမံခန့်ခွဲခြင်းဆရာဖြစ်သင်တန်း'' (My.Coop TOT Training – Module 1 & 2) ကို (၂၃-၄-၂၀၁၈) မှ (၂၆-၄-၂၀၁၈) ရက်နေ့အထိမန္တလေးမြို့၊အောင်မြင်ခြင်းဟိုတယ် (Triumph Hotel) ၌ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။

'' ကျွန်ုပ်၏သမဝါယမအားစီမံခန့်ခွဲခြင်း '' (My.Coop) ဆင့်ပွားသင်တန်းများကို(၁၂-၆-၂၀၁၈)မှ(၁၃-၆-၂၀၁၈)ရက်နေ့အထိနောင်ချိုမြို့နယ်သမဝါယမဦးစီးဌာနရုံးခန်း၌နောင်ချိုမြို့၊ကျောက်မဲမြို့နှင့်လားရှိုးမြို့တို့မှသင်တန်းသား (၂၀)ဦးတို့ကိုလည်းကောင်း၊(၁၆-၆-၂၀၁၈)မှ (၁၇-၆-၂၀၁၈) ရက်နေ့အထိရှမ်းပြည်နယ်သမဝါယမသင်တန်းကျောင်း (တောင်ကြီး)သင်တန်းခန်းမ၌တောင်ကြီးမြို့၊ရပ်စောက်မြို့နှင့်ညောင်ရွှေမြို့တို့မှသင်တန်းသား(၁၅)ဦးတို့ကိုလည်းကောင်း၊ (၁၉-၆-၂၀၁၈)မှ (၂၀-၆-၂၀၁၈)ရက်နေ့အထိကလောမြို့နယ်၊အောင်ပန်းမြို့၊မြို့နယ်သမဝါယမအသင်းစုအစည်းအဝေးခန်းမ၌ကလော၊ပင်းတယ၊ရွာင်မြို့နယ်များရှိသမဝါယမအသင်း(၃)သင်းမှသင်တန်းသား(၁၅)ဦးတို့ကိုလည်းကောင်း၊မန္တလေးတိုင်းဒေသကြီး၊မြင်းခြံမြို့နယ်သမဝါယမအသင်းစုတွင်မြင်းခြံမြို့နယ်၊ရမည်းသင်းမြို့နယ်၊မိတ္ထီလာမြို့နယ်နှင့်ညောင်ဦးမြို့နယ်တို့မှသမဝါယမအသင်း(၅)သင်းရှိအမှုဆောင် (၂၅)ဦးတို့အားလည်းကောင်းအောင်မြင်စွာဖွင့်လှစ်ပို့ချနိုင်ခဲ့ပါသည်။

စီမံကိန်းဒေသများရှိအခြားမြို့နယ်များမှသမဝါယမအသင်းသားများနှင့်ဝန်ထမ်းများအား ''ကျွန်ုပ်၏သမဝါယမအားစီမံခန့်ခွဲခြင်း'' (My.Coop) ဆင့်ပွားသင်တန်းများကိုဆက်လက်ပို့ချပေးလျက်ရှိပါသည်။

ထို့အပြင် '' ကျွန်ုပ်၏သမဝါယမအားစီမံခန့်ခွဲခြင်းဆရာဖြစ်သင်တန်း'' (My.Coop TOT Training – Module 3 & 4 ) ကို (၂-၉-၂၀၁၈) မှ (၅-၉-၂၀၁၈) ရက်နေ့အထိရှမ်းပြည်နယ်၊အောင်ပန်းမြို့ရှိအောင်ပန်းဟိုတယ်၌ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။

**DGRV အဖွဲ့နှင့်ပူးပေါင်းဆောင်ရွက်မှု**

DGRV (The German Cooperative and Raiffeisen Confederation) အဖွဲ့သည်မြန်မာနိုင်ငံရှိသမဝါယမလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီးသမဝါယမဦးစီးဌာနနှင့် MOU

တစ်ရပ်ရေးထိုးထားသောနယ်သာလန်နိုင်ငံသမဝါယမအဖွဲ့အစည်းဖြစ်သည့် Agriterra အဖွဲ့၏မိတ်ဖက်အဖွဲ့အစည်းတစ်ခုလည်းဖြစ်ပါသည်။အဆိုပါ DGRV အဖွဲ့အစည်းသည်လည်းမြန်မာနိုင်ငံသမဝါယမကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက်တစ်ဖက်တစ်လမ်းမှကူညီနိုင်စေရန်ရည်ရွယ်ပြီးသမဝါယမနှင့်သက်ဆိုင်သောဆွေးနွေးပွဲများ(Seminars)ကိုကျင်းပပြုလုပ်နိုင်ရေးအတွက် (၁၁-၁၂-၂၀၁၈)ရက်နေ့တွင်သမဝါယမဦးစီးဌာန၊ညွှန်ကြားရေးမှူးချုပ်ရုံး၊အစည်းအဝေးခန်းမ၌တွေ့ဆုံဆွေးနွေးခဲ့ကြပါသည်။

ပထမအကြိမ်Seminarကို (၁၁-၁-၂၀၁၉)ရက်နေ့တွင်ရန်ကုန်မြို့ရှိသမဝါယမတက္ကသိုလ် (သန်လျင်)၌ “How Cooperatives Support Local Value Creation In Germany And Implications For Countries In Transition ” ခေါင်းစဉ်ဖြင့် Guest Lecture ဆွေးနွေးပို့ချခဲ့ပြီးကျောင်းသား၊ကျောင်းသူများ၊ဆရာ၊ဆရာမများ၊ဝန်ထမ်းများ၊တက်ရောက်သူများနှင့်အတူ Round Table Discussion ကိုဆက်လက်ပြုလုပ်ခဲ့ပါသည်။

ဒုတိယအကြိမ်အလုပ်ရုံဆွေးနွေးပွဲ (Workshop) ကို “Good Governance and Audit for Cooperative Societies” ခေါင်းစဉ်ဖြင့် (၁၄-၁-၂၀၁၉) ရက်နေ့မှ (၁၅-၁-၂၀၁၉) ရက်နေ့အထိနေပြည်တော်ရှိ Royal Naypyitaw Hotel ၌ကျင်းပပြုလုပ်ခဲ့ပြီးသမဝါယမဦးစီးဌာနအဆင့်ဆင့်မှအလယ်အလတ်အဆင့်နှင့်အထက်အရာထမ်းများနှင့်ဗဟိုသမဝါယမအသင်းလီမိတက်တို့မှကိုယ်စားလှယ်များစုစုပေါင်း(၃၀)ဦးတက်ရောက်ဆွေးနွေးခဲ့ကြပါသည်။

တတိယအကြိမ်အလုပ်ရုံဆွေးနွေးပွဲ (Workshop) ကို (၁၇-၁-၂၀၁၉)ရက်နေ့တွင်မန္တလေးမြို့ရှိ Mandalay-Swan Hotel၌ “Good Governance for Cooperative Societies” ခေါင်းစဉ်အပေါ်အဓိကထား၍တိုင်းဒေသကြီး/ပြည်နယ်သမဝါယမအသင်းစုချုပ်များမှဥက္ကဋ္ဌများ၊ရွေးချယ်ထားသောမြို့နယ်သမဝါယမအသင်းစုများနှင့်အခြေခံသမဝါယမအသင်းများမှဥက္ကဋ္ဌများနှင့်မန္တလေးတိုင်းဒေသကြီးသမဝါယမဦးစီးဌာနမှကိုယ်စားလှယ်များတက်ရောက်ဆွေးနွေးခဲ့ကြပါသည်။

အဆိုပါ Seminar များတွင် Germany နိုင်ငံမှပညာရှင် Mr.Ulrich Werner နှင့်အတူဆွေးနွေးခဲ့ကြပြီးကျင်းပရခြင်း၏ရည်ရွယ်ချက်မှာသမဝါယမလုပ်ငန်းများတွင်အဓိကလိုအပ်လျက်ရှိသောစာရင်းစစ်ဆေးခြင်းနှင့်ကောင်းမွန်သောအုပ်ချုပ်မှုစနစ်ဖြစ်ပေါ်စေခြင်းတို့ကိုကျွမ်းကျင်ပိုင်နိုင်စွာသိရှိအသုံးချနိုင်စေရန်၊တက်ရောက်သူများအနေဖြင့်သမဝါယမအသင်းများအတွင်းမည်သို့စာရင်းစစ်ဆေးဆောင်ရွက်လျက်ရှိသည်ကိုအတွင်းကျကျသိရှိနိုင်စေရန်နှင့်အမှုဆောင်အဖွဲ့များအနေဖြင့်လည်းသမဝါယမအသင်းများအတွင်းမည်သို့သောကောင်းမွန်သည့်အုပ်ချုပ်မှုစနစ်များကိုဆောင်ရွက်နေသည်ကိုသိရှိနိုင်စေရန်စသည်တို့ဖြစ်ပါသည်။

## (၂၆)ကြိမ်မြောက် ACEDACနှင့် (၂၁)ကြိမ်မြောက် ASWGAC အစည်းအဝေးများကျင်းပဆောင်ရွက်ခြင်း

(၂၆)ကြိမ်မြောက်အာဆီယံစိုက်ပျိုးရေးသမဝါယမအသင်းများဖွံ့ဖြိုးတိုးတက်ရေး ACEDACနှင့်(၂၁) ကြိမ်မြောက်အာဆီယံစိုက်ပျိုးရေးသမဝါယမအသင်းများ၏ကဏ္ဍအလိုက်လုပ်ငန်းအဖွဲ့ ASWGAC အစည်းအဝေးများကိုနေပြည်တော်ရှိ Royal Nay Pyi Taw ဟိုတယ်တွင်၂၀၁၉ခုနှစ်၊မေလ (၂၁)ရက်နေ့မှ (၂၄)ရက်နေ့အထိ (၄)ရက်ကြာမျှမြန်မာနိုင်ငံမှအလှည့်ကျအိမ်ရှင်နိုင်ငံအဖြစ်လက်ခံကျင်းပခဲ့ပါသည်။

အဆိုပါအစည်းအဝေးများသို့ဂျပန်နိုင်ငံ၊ထိုင်းနိုင်ငံ၊မလေးရှားနိုင်ငံ၊အင်ဒိုနီးရှားနိုင်ငံ၊ဖိလစ်ပိုင်နိုင်ငံ၊ကမ္ဘောဒီးယားနိုင်ငံတို့မှကိုယ်စားလှယ်များတက်ရောက်ခဲ့ကြပြီးအိမ်ရှင်မြန်မာကိုယ်စားလှယ်(၅)ဦး၊ကျန်အာဆီယံနိုင်ငံများမှကိုယ်စားလှယ် (၁၃)ဦး၊အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ (၂)ဦး၊ ACEDAC အတွင်းရေးမှူးချုပ်ရုံးမှ (၁)ဦး၊ASEAN Foundationမှ (၁)ဦး၊ ASEAN Farmers' Association (AFA)မှ (၁)ဦး၊စုစုပေါင်းကိုယ်စားလှယ် (၂၃)ဦးတက်ရောက်ခဲ့ပါသည်။

အဆိုပါအစည်းအဝေးများတွင်အာဆီယံပူးပေါင်းဆောင်ရွက်မှုဆိုင်ရာစိုက်ပျိုးရေးသမဝါယမများနှင့်ပတ်သက်သောမူဝါဒများအကောင်အထည်ဖော်ချမှတ်ခြင်း၊ (၃၉) ကြိမ်မြောက် Special SOM-AMAF အစည်းအဝေး၊ (၄၀)ကြိမ်မြောက် Pre SOM-AMAF အစည်းအဝေး၊ (၄၀)ကြိမ်မြောက် AMAF အစည်းအဝေးတို့ကျင်းပနိုင်ရေးတင်ပြဆွေးနွေးခြင်း၊အာဆီယံပေါင်းစည်းစားနပ်ရိက္ခာဖူလုံရေးမူဘောင်နှင့်စားနပ်ရိက္ခာဖူလုံရေးမဟာဗျူဟာစီမံချက်ရေးဆွဲဆွေးနွေးခြင်း၊စားနပ်ရိက္ခာဖူလုံရေးအတွက်စိုက်ပျိုးရေးနှင့်သစ်တောကဏ္ဍတွင်ရာသီဥတုပြောင်းလဲမှုဆိုင်ရာအာဆီယံကဏ္ဍစုံမူဘောင်များဆွေးနွေးခြင်း၊အာဆီယံအသိုက်အဝန်းဆိုင်ရာလမ်းပြမြေပုံ(၂၀၁၆-၂၀၂၅)ဆွေးနွေးခြင်း၊အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင်ရှိသောစိုက်ပျိုးရေးသမဝါယမအသင်းများ၏သတင်းအချက်အလက်များဖလှယ်ခြင်း၊စိုက်ပျိုးရေးကဏ္ဍစွမ်းဆောင်ရည်မြှင့်တင်ရေးစီမံချက် CB Project Phase-3 အားဆွေးနွေးခြင်း၊အာဆီယံဒေသတက္ကသိုလ်များမှတစ်ဆင့်အစားအသောက်ဆိုင်ရာလူ့စွမ်းအားဖွံ့ဖြိုးတိုးတက်မှုစီမံချက် Phase 2 ဆွေးနွေးခြင်း၊အာဆီယံစိုက်ပျိုးရေးသမဝါယမအသင်းများဆိုင်ရာမဟာဗျူဟာမြောက်စီမံချက်(SPA)(၂၀၁၆-၂၀၂၀)ဆွေးနွေးခြင်း၊စားနပ်ရိက္ခာဈေးကွက်ရှာဖွေရေးကွင်းဆက်တွင်စိုက်ပျိုးရေးသမဝါယမအသင်းများ၏အခန်းကဏ္ဍမြှင့်တင်ရေးအစီအစဉ်များဆွေးနွေးခြင်း၊အာဆီယံဒေသတွင်းစိုက်ပျိုးရေးသမဝါယမအသင်းများတွင်အမျိုးသမီးများ၏အခန်းကဏ္ဍမြှင့်တင်ရေးအစီအစဉ်များဆွေးနွေးခြင်းတို့ကိုဆောင်ရွက်ခဲ့ပါသည်။အစည်းအဝေးစတုတ္ထနေ့(၂၄-၅-၂၀၁၉)ရက်နေ့တွင် Sight Seeing

ခရီးစဉ်အဖြစ်အာဆီယံကိုယ်စားလှယ်များအားမန္တလေးနန်းတွင်း၊ရတနာပူရမြန်မာ့လက်မှုအနုပညာပြ ခန်းနှင့်ဦးပိန်တံတားတို့သို့လိုက်လံပို့ဆောင်ပေးခဲ့ပါသည်။

**၂၀၁၉ခုနှစ်အပြည်ပြည်ဆိုင်ရာသမဝါယမနေ့အခမ်းအနားကျင်းပခြင်း**

အပြည်ပြည်ဆိုင်ရာသမဝါယမအဖွဲ့ချုပ်ကို၁၈၉၅ခုနှစ်တွင်နိုင်ငံတကာရှိသမဝါယမအသင်းများ အချင်းချင်းရင်းနှီးစွာပေါင်းသင်းဆက်ဆံနိုင်ရန်နှင့်စီးပွားရေးအားဖြင့်ပူးပေါင်းဆောင်ရွက်မှုမြင့်တက်စေရန် ရည်ရွယ်ချက်ဖြင့်ဖွဲ့စည်းခဲ့ပြီး၊၁၉၂၃ခုနှစ်မှစတင်၍အဖွဲ့ချုပ်၏ဦးဆောင်မှုဖြင့်အပြည်ပြည်ဆိုင်ရာသမဝါ ယမနေ့ကိုနှစ်စဉ်ကျင်းပခဲ့ပါသည်။

၁၉၉၄ခုနှစ်တွင်ကျင်းပခဲ့သည့် (၄၉)ကြိမ်မြောက်ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံကြီးကနှစ်စဉ် "ဇူလိုင်လ၏ပထမစနေနေ့" ကိုအပြည်ပြည်ဆိုင်ရာသမဝါယမနေ့အဖြစ်ဂုဏ်ပြုသတ်မှတ်ပေးခဲ့ပြီး၊၂၀၁၀ပြည့်နှစ်တွင်ကျင်းပခဲ့ သောကုလသမဂ္ဂအထွေထွေညီလာခံမှသမဝါယမသည်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတွင်ပူးပေါင်းပါဝ င်ဆောင်ရွက်မှုများကိုအသိအမှတ်ပြုသောအားဖြင့်၂၀၁၂ခုနှစ်အားအပြည်ပြည်ဆိုင်ရာသမဝါယမနှစ် (International year of Cooperatives –IYC) အဖြစ်သတ်မှတ်ပေးခဲ့ရာကမ္ဘာအရပ်ရပ်တွင်ရှိသောသမဝါယမအဖွဲ့အစည်းများမှအပြည်ပြည်ဆိုင်ရာသမ ဝါယမနှစ်အထိမ်းအမှတ်ညီလာခံများ၊ပြပွဲ၊ပြိုင်ပွဲများနှင့်အပြည်ပြည်ဆိုင်ရာသမဝါယမနေ့အခမ်းအန ားများကိုနိုင်ငံအလိုက်စည်းကားသိုက်မြိုက်စွာကျင်းပခဲ့ကြပါသည်။

မြန်မာနိုင်ငံရှိဗဟိုသမဝါယမအသင်းလီမိတက်သည်၁၉၉၃ခုနှစ်တွင်အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်၊အဖွဲ့ဝင်အဖြစ်ဝင်ရောက်ခဲ့ပြီး၊နှစ်စဉ်အပြည်ပြည်ဆိုင်ရာသမဝါယမနေ့အခမ်းအနားမျာ းကိုဇူလိုင်လ၏ပထမစနေနေ့တွင်ကျင်းပခဲ့ရာယခုအကြိမ်သည် (၂၄)ကြိမ်မြောက်ကျင်းပခဲ့ခြင်းဖြစ်ပါသည်။ယခု၂၀၁၉ခုနှစ်အပြည်ပြည်ဆိုင်ရာသမဝါယမနေ့၏ဆော င်ပုဒ်မှာ ***" Coops 4 Decent Work – အလုပ်အကိုင်အခွင့်အလမ်းတိုးတက်ဖို့သမဝါယမအသင်းများဆောင်ရွက်စို့ "*** ဖြစ်ပါသည်။

ကမ္ဘာတစ်ဝှမ်းလုံးတွင်အပြည်ပြည်ဆိုင်ရာသမဝါယမနေ့အခမ်းအနားများကိုနှစ်စဉ်စည် ကားသိုက်မြိုက်စွာကျင်းပလာခဲ့ရာမြန်မာနိုင်ငံတွင်လည်း၁၉၉၅ခုနှစ်မှစတင်၍ယခင်သမဝါယမဝန်ကြီး ဌာန၏ဦးဆောင်မှုဖြင့်ဗဟိုသမဝါယမအသင်း၊တိုင်းဒေသကြီး/ပြည်နယ်များမှသမဝါယမဦးစီးဌာနမျာ းနှင့်အသင်းစုချုပ်များ၊ဆက်စပ်ဝန်ကြီးဌာနများ၊ပူးပေါင်းဆောင်ရွက်လျက်ရှိသောနိုင်ငံတကာအဖွဲ့ အစည်းများမှတာဝန်ရှိပုဂ္ဂိုလ်များနှင့်သမဝါယမဝန်ထမ်းမိသားစုများကိုဖိတ်ကြား၍နှစ်စဉ်စည်ကားသို က်မြိုက်စွာကျင်းပပြုလုပ်လျက်ရှိပါသည်။

၂၀၁၉ခုနှစ်၊ဇူလိုင်လ(၆)ရက်နေ့တွင်ကျရောက်သည့်အပြည်ပြည်ဆိုင်ရာသမဝါယမနေ့အ ခမ်းအနားကိုနေပြည်တော်၊ရုံးအမှတ်(၁၆) သမဝါယမဦးစီးဌာနတွင်စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေးအတွက်(၄-၆-၂၀၁၉)

ရက်နေ့တွင်စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ဝန်ကြီးရုံးသို့အခမ်းအနားကျင်းပရေးစီမံချက်ပေးပို့တင်ပြ၍လမ်းညွှန်မှုခံယူခဲ့ပါသည်။

၂၀၁၉ခုနှစ်၊အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ဈေးရောင်းပွဲတော်ဖွင့်ပွဲအခမ်းအနားကို(၆-၇-၂၀၁၉) ရက်နေ့ (စနေနေ့)နံနက် (၀၉:၀၀)နာရီတွင်စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊သမဝါယမဦးစီးဌာန၊နေပြည်တော်၌ကျင်းပပြုလုပ်ခဲ့ရာပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ဒုတိယသမ္မတဦးဟင်နရီဗန်ထီးယူ၊စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ပြည်ထောင်စုဝန်ကြီးဒေါက်တာအောင်သူ၊ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ပြည်ထောင်စုဝန်ကြီးဦးသန့်ဇင်မောင်၊တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ပြည်ထောင်စုဝန်ကြီးနိုင်သက်လွင်၊ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ပြည်ထောင်စုဝန်ကြီးဦးသောင်းထွန်း၊စက်မှုဝန်ကြီးဌာန၊ပြည်ထောင်စုဝန်ကြီး၊ဦးခင်မောင်ချို၊ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ပြည်ထောင်စုရှေ့နေချုပ်၊ဦးထွန်းထွန်းဦး၊စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ဒုတိယဝန်ကြီးဦးလှကျော်၊ပြည်သူ့လွှတ်တော်
(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊အတွင်းရေးမှူးဦးမောင်ဦး၊ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ဒေါက်တာစိန်မြအေး၊အမျိုးသားလွှတ်တော်
(စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းကော်မတီ)
မှဥက္ကဋ္ဌဦးအောင်ကြည်ညွှန့်၊အမြဲတမ်းအတွင်းဝန်ဦးကျော်ငွေတို့ကဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပါသည်။

ဗဟိုသမဝါယမအသင်း၊နေပြည်တော်ကောင်စီနှင့်တိုင်းဒေသကြီး/ပြည်နယ်များမှသမဝါယမအသင်းပေါင်း(၁၀၂)သင်းမှဆိုင်ခန်းပေါင်း
(၅၁)ခန်းဖွင့်လှစ်၍အစားအစာများ၊အဝတ်အထည်များ၊ရိုးရာလက်မှုပစ္စည်းများ၊ကျောက်မျက်ရတနာများ၊သစ်သားပန်းပုများ၊သံထည်ပစ္စည်းများ၊တိုင်းရင်းဆေးများ၊ဒေသထွက်ကုန်ပစ္စည်းများကိုရောင်းချခဲ့ပါသည်။

၂၀၁၉ခုနှစ်၊အပြည်ပြည်ဆိုင်ရာသမဝါယမနေ့အခမ်းအနားကိုအစီအစဉ်(၉)ရပ်ဖြင့်သမဝါယမဦးစီးဌာန၊စုပေါင်းအစည်းအဝေးခန်းမတွင်ဆက်လက်ကျင်းပပြုလုပ်ခဲ့ရာပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ဒုတိယသမ္မတဦးဟင်နရီဗန်ထီးယူ၊စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဒေါက်တာအောင်သူ၊ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးသန့်ဇင်မောင်၊တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးနိုင်သက်လွင်၊ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးသောင်းထွန်း၊စက်မှုဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးခင်မောင်ချို၊ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ပြည်ထောင်စုရှေ့နေချုပ်၊ဦးထွန်းထွန်းဦး၊စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ဒုတိယဝန်ကြီးဦးလှကျော်၊ပြည်သူ့လွှတ်တော်
(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊အတွင်းရေးမှူးဦးမောင်ဦး၊ပြ

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ဒေါက်တာစိန်မြအေး၊အမျိုးသားလွှတ်တော်(စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းကော်မတီ)မှဥက္ကဋ္ဌဦးအောင်ကြည်ညွန့်၊နေပြည်တော်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်၊ဒေါ်စံပယ်ထွေး၊လွှတ်တော်ဥက္ကဋ္ဌများ၊နေပြည်တော်ကောင်စီဝင်များ၊ဗဟိုသမဝါယမအသင်းလီမိတက်မှ ကိုယ်စားလှယ်များ၊အမြဲတမ်းအတွင်းဝန်များနှင့်စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊သက်ဆိုင်ရာဦးစီးဌာနများမှညွှန်ကြားရေးမှူးချုပ်များ၊ဒုတိယညွှန်ကြားရေးများ၊သမဝါယမတက္ကသိုလ်များမှပါမောက္ခချုပ်များ၊သမဝါယမဦးစီးဌာနမှညွှန်ကြားရေးမှူးများ၊သမဝါယမကောလိပ်များမှကျောင်းအုပ်ကြီးများ၊တိုင်းဒေသကြီး/ပြည်နယ်များမှဒုတိယညွှန်ကြားရေးမှူးများနှင့်အသင်းစုချုပ်ဥက္ကဋ္ဌများ၊ဗဟိုသမဝါယမအသင်းမှတာဝန်ရှိသူများ၊သမဝါယမသင်တန်းကျောင်းများမှကျောင်းအုပ်ကြီးများ၊IN GO

များ၊သမဝါယမဦးစီးဌာနမှဝန်ထမ်းများ၊စွမ်းဆောင်ရည်အမြင့်မားဆုံးသမဝါယမအသင်းစုချုပ်ဆုရရှိသူနှင့်စွမ်းဆောင်ရည်အကောင်းဆုံး (ပထမ၊ဒုတိယ၊တတိယ) မြို့နယ်သမဝါယမအသင်းစုဆုရရှိသူများ၊ကုန်ထုတ်၊ဝန်ဆောင်၊ကုန်သွယ်ကဏ္ဍများအလိုက်အမြင့်မားဆုံးစွမ်းဆောင်နိုင်သည့်သမဝါယမအသင်းဆုရရှိသူများနှင့်အခြားဆုရရှိသူများ၊ပြခန်းတာဝန်ရှိသူများ၊မြန်မာ့အသံ၊မြဝတီရုပ်မြင်သံကြား၊ Sky Net နှင့်သတင်းဂျာနယ်အသီးသီးတို့မှစုစုပေါင်း (၃၀၀) တက်ရောက်ခဲ့ကြပါသည်။

**မဲခေါင်–လန်ချန်းပူးပေါင်းဆောင်ရွက်မှုအစီအစဉ်**

မဲခေါင်–လန်ချန်းဒုတိယအကြိမ်အထူးရန်ပုံငွေ (၂၀၁၈)ဖြင့် Strengthening and Capacity Building for Women in Cooperative in Myanmar (မြန်မာနိုင်ငံသမဝါယမအသင်းများရှိအမျိုးသမီးများ၏စွမ်းဆောင်ရည်မြင့်မားရေးနှင့်စွမ်းရည်တည်ဆောက်ရေးစီမံကိန်း) အမေရိကန်ဒေါ်လာ (၄၉၉၉၅၀) အားသမဝါယမဦးစီးဌာနနှင့်သီရိမေအမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးသမဝါယမအသင်းလီမိတက်တို့ပူးပေါင်း၍အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။စီမံကိန်းကာလမှာ၂၀၁၉ခုနှစ်ဇွန်လမှ၂၀၂၀ခုနှစ်မေလအထိဖြစ်ပါသည်။

စီမံကိန်းလုပ်ငန်း၏အဓိကရည်ရွယ်ချက်မှာအမျိုးသမီးများစွမ်းရည်မြင့်မားရေးအတွက်ကျွမ်းကျင်မှုနှင့်စွမ်းရည်များတည်ဆောက်ပေးရန်၊အသက်မွေးဝမ်းကြောင်းဆိုင်ရာကျွမ်းကျင်မှု၊စီးပွားရေးဆိုင်ရာကျွမ်းကျင်မှုနှင့်လူမှုရေးဆိုင်ရာအသိပညာများတိုးမြှင့်လာစေရန်၊အမျိုးသမီးများ၏ဝင်ငွေတိုးပွားစေရန်နှင့်မိသားစုအဆင့်အတန်းမြင့်မားလာစေရန်ဖြစ်ပါသည်။

စီမံကိန်းကိုကယားပြည်နယ်၊ကရင်ပြည်နယ်၊တနင်္သာရီတိုင်းဒေသကြီး၊ပဲခူးတိုင်းဒေသကြီးနှင့်ရခိုင်ပြည်နယ်တို့တွင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။စီမံကိန်းတွင်သမဝါယမအသင်းများရှိအမျိုးသမီးများ၏စွမ်းရည်မြင့်မားရေးအတွက်အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများ၊စီးပွားရေးလုပ်ငန်းဆိုင်ရာသင်တန်းများ၊အမျိုးသမီးများစွမ်းရည်မြင့်မားရေးအတွက်အသိပညာဗ

ဟုသုတများတိုးမြှင့်ပေးခြင်းများကိုဆောင်ရွက်ပေးမည်ဖြစ်ပြီး၊သမဝါယမစကားဝိုင်းများကို TV Channel, FM Radio များမှတစ်ဆင့်ထုတ်လွှင့်ခြင်း၊စီမံချက်လုပ်ငန်း၏မှတ်တမ်းဗီဒီယိုတိုရိုက်ကူးဖြန့်ဝေခြင်း၊သမဝါယမဆိုင်ရာစည်းရုံးလှုံ့ဆော်မှုများပြုလုပ်ခြင်း၊အမျိုးသမီးများနှင့်သမဝါယမဖွံ့ဖြိုးရေးဆွေးနွေးပွဲကျင်းပခြင်း၊စီမံချက်ဒေသရှိသမဝါယမအသင်းတွင်ပါဝင်သည့်အမျိုးသမီးများ၏အတွေ့အကြုံဖလှယ်မှုခရီးစဉ်များပါဝင်ပါသည်။စီမံကိန်းဒေသဖြစ်သည့်တိုင်းဒေသကြီး/ပြည်နယ်များတွင်အဝတ်အိတ်အမျိုးမျိုးချုပ်လုပ်သည့်သင်တန်း၊လက်မှုဇာထိုးပန်းထိုးသင်တန်း၊သီးနှံအခြေခံယိုစုံဖျော်ရည်ပြုလုပ်သည့်သင်တန်း၊ဆပ်ပြာရည်နှင့်ခေါင်းလျှော်ရည်သင်တန်းစသည့်သင်တန်းများကိုဆောင်ရွက်ပေးလျက်ရှိပါသည်။

မြန်မာနိုင်ငံရှိသမဝါယမအသင်းများရှိအမျိုးသမီးများဆွေးနွေးပွဲကို (၂၈-၁-၂၀၂၀)ရက်နေ့တွင်ရန်ကုန်မြို့ဆရာစံပလာဇာ၌ကျင်းပခဲ့ပါသည်။ဆွေးနွေးပွဲကိုသမဝါယမအသင်းများရှိအမျိုးသမီးများ၏ပါဝင်ဆောင်ရွက်မှုအခန်းကဏ္ဍတိုးတက်လာစေရန်ဖော်ဆောင်ခြင်း၊လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေခြင်း၊အမျိုးသမီးများ၏ခေါင်းဆောင်မှုအခန်းကဏ္ဍမြင့်မားရေးအတွက်စွမ်းဆောင်ခြင်းတို့ကိုဆွေးနွေးခဲ့ကြပါသည်။**Welthungerhilfe – WHH နှင့်ပူးပေါင်းဆောင်ရွက်မှု**

သမဝါယမဦးစီးဌာနမှဆောင်ရွက်လျက်ရှိသည့်မျိုးစေ့ထုတ်သမဝါယမအသင်းများ၏စွမ်းဆောင်ရည်ပိုမိုမြင့်မားလာပြီးရေရှည်ဖွံ့ဖြိုးတိုးတက်လာစေရန်၊မျိုးစေ့ထုတ်စီးပွားရေးလုပ်ငန်းများပိုမိုအားကောင်းလာစေရန်နှင့်သမဝါယမအသင်းများနှင့်ပတ်သက်သည့်မူဝါဒ၊စည်းမျဉ်းစည်းကမ်းများ၊လမ်းညွှန်ချက်များကိုဆွေးနွေးညှိနှိုင်းအဖြေရှာပြီးအကောင်အထည်ဖော်ဆောင်ရွက်ရန် Pilot Project အနေဖြင့် Welthungerhilfe – WHH မှရန်ပုံငွေယူရို (၃၀၀၀၀) ထောက်ပံ့၍၂၀၁၉ခုနှစ်စက်တင်ဘာလမှ၂၀၂၁ခုနှစ်၊ဖေဖော်ဝါရီလအထိ (၁၈)လကြာအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ (၁၆-၉-၂၀၁၉) ရက်နေ့မှ (၂၂-၉-၂၀၁၉) ရက်နေ့အထိနေပြည်တော်၌သမဝါယမအသင်းများ၏စွမ်းဆောင်ရည်ပိုမိုမြင့်မားလာပြီးမျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက်မျိုးစေ့ထုတ်သမဝါယမအသင်းများနှင့်ပတ်သက်သည့်လုပ်ငန်းများကိုစီစဉ်ဆောင်ရွက်နိုင်ရန်ဆရာဖြစ်သင်တန်း (TOT Local Seed Business Training) ကိုဖွင့်လှစ်ခဲ့ပါသည်။

(၁၈-၁၂-၂၀၁၉) ရက်နေ့နှင့် (၁၉-၁၂-၂၀၁၉)ရက်နေ့တို့တွင်ပဲခူးတိုင်းဒေသကြီး၊ဖြူးမြို့နယ်လူငယ့်အားမာန်စိုက်ပျိုးရေးနှင့်လုပ်ငန်းစုံသမဝါယမအသင်းတွင်ပဲခူး၊ကဝ၊ဝေါနှင့်သနပ်ပင်မြို့များရှိမျိုးစေ့ထုတ်သမဝါယမအသင်းသားတောင်သူ(၆၀)ဦးတို့အားမျိုးစေ့ထုတ်သမဝါယမအသင်းများစွမ်းဆောင်ရည်မြင့်မားတိုးတက်စေရန်စီးပွားရေးနှင့်စျေးကွက်ဆိုင်ရာဆင့်ပွားသင်တန်းကိုပို့ချခဲ့ပါသည်။

သမဝါယမဦးစီးဌာန